ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်၊ စနေနေ့ (23-8-2008)(၅၇၇၉)

သိပ္ပဉ္စ တေ မင်္ဂလ မုတ္တမံ

လက်မှုစက်မှုပညာ တတ်မြောက်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

မကွေးတိုင်းတွင် ဆည်ကန်များ၊ မြစ်ရေတင်များ အပြည့်အဝနီးပါး ဆောင်ရွက်ပေးထားပြီးဖြစ် စပါးအထွက်တိုးစေမည့် နည်းစနစ်များကို တာဝန်ရှိသူအသီးသီးက အောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်ပေး

နေပြည်တော် ဩဂုတ် ၂၂

မကွေးတိုင်း မကွေးမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီတွင် မကွေးမြို့ မြို့တော်ခန်းမ၌ တိုင်း/ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားရာ၌ မကွေးတိုင်းသည် စီးပွားရေး အပါအဝင် အချက်အချာဒေသတစ်ခုဖြစ်ကြောင်း၊ မကွေးတိုင်းကိုဗဟိုပြု၍ နိုင်ငံ၏ အရှေ့အနောက် တောင်မြောက် ဒေသမရွေး သွားလာနိုင်သည့် လမ်းကြောင်းများ လက်ယှက်ထိုး ဖောက်ပေးထားသဖြင့် လမ်းဆုံရာဒေသလည်းဖြစ်ကြောင်း၊ မကွေးတိုင်းအနေဖြင့် ဆန်စပါးကဏ္ဍ၌ ဖူလုံမှုမရှိသေးသဖြင့် ကြိုးပမ်းဆောင်ရွက်ရန်၊ ဆည်ကန်များ၊ မြစ်ရေတင်များ အပြည့်အဝနီးပါး ဆောင်ရွက်ပေးထားပြီး ဖြစ်သဖြင့် ရရှိထားသည့် ရေမြေသယံဇာတကို အကျိုးရှိစွာ အသုံးပြုရန်၊ စိုက်ပျိုးရေးလုပ်ငန်းတွင် အဓိကတာဝန်ယူ လုပ်ဆောင်နေသည့် တောင်သူလယ်သမားများအား ခေတ်မီစိုက်ပျိုးနည်းစနစ်များ အသုံးပြုရေး၊ မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲရေး၊ ရေတော်မိုးတော်ဖြစ်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအပါအဝင် စပါးအထွက်တိုးစေမည့် နည်းစနစ်များကို သက်ဆိုင်ရာ၊ ဌာနဆိုင်ရာ တာဝန်ရှိသူအသီးသီးမှ အောက်ခြေအဆင့်အထိ ကွင်းဆင်းပြီး နားလည်သဘောပေါက်အောင် ဆက်စပ်ဆောင်ရွက်ပေးရန်၊ အနည်းငယ်မျှ ထပ်မံအားစိုက်ရုံမျှဖြင့် ဝမ်းစာဖူလုံရေး ပြည့်မီသွားမည့် အခြေအနေတွင်ရှိ၍ တက်တက်ကြွကြွ ဝိုင်းဝန်းဆောင်ရွက်ပေးရန်၊ မကွေးတိုင်းအတွင်း ဖူလုံပိုလျှံနေသည့် ဆီထွက်သီးနှံနှင့် ပဲအမျိုးမျိုးကိုလည်း အရည်အသွေး ပြည့်မီကောင်းမွန်ပြီး စံချိန်မီ နိုင်ငံခြားပို့ကုန်ရရှိရေး ဆောင်ရွက်ရန်နှင့် ငွေချည်(၆)ဝါ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

အင်ဒိုနီးရှားလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဖလားဘောလုံးပြိုင်ပွဲ မြန်မာအသင်း ပွဲဦးထွက်အနိုင်ရ

ရန်ကုန် ဩဂုတ် ၂၂

၂၀၀၈ ခုနှစ် အင်ဒိုနီးရှားသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဖလား ဘောလုံးပြိုင်ပွဲကို ယနေ့ ဆက်လက်ကျင်းပရာ အုပ်စု(ခ)တွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက ကမ္ဘောဒီးယားနိုင်ငံ လက်ရွေးစင်ဘောလုံးအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအတွက် အနိုင်ဂိုးများကို ရာဇာဝင်းသိန်းက သုံးဂိုး၊ စိုးမြတ်မင်းနှင့် ရန်ပိုင်တို့က နှစ်ဂိုးစီ သွင်းယူခဲ့ကြသည်။ ဩဂုတ် ၂၅ ရက်တွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်ဘောလုံးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဘီအမ်အိတ်စ်စက်ဘီးစီးပြိုင်ပွဲ

ဩဂုတ် ၂၂ ရက်က ကျင်းပသည့် ပေကျင်း အိုလံပစ် အားကစားပြိုင်ပွဲ ဘီအမ်အိတ်စ် စက်ဘီးစီး ပြိုင်ပွဲ အမျိုးသား ဗိုလ်လုပွဲတွင် ၃၆ ဒသမ ၁၉၀ စက္ကန့်ဖြင့် ရွှေတံဆိပ် ဆွတ်ခူးသွားသော လတ်ဗီးယားမှ မာရစ် စတောင်းဘတ်ဂျ် ယှဉ်ပြိုင်စဉ်။ (ဆင်ဟွာ)

အင်တာနက် ကျန်းမာရေးသတင်း

အကောင်းဘက်မှ ရှုမြင်သူ ကင်ဆာဖြစ်နိုင်ခြေ နည်းပါး

တဲလ်အဗစ် ဩဂုတ် ၂၂

အရာရာကို အကောင်းဘက်မှ ရှုမြင်သုံးသပ်သော အမျိုးသမီးများသည် ရင်သားကင်ဆာဖြစ်ရန် အခြေအနေ လျော့ပါးနိုင်သည်ဟု အစ္စရေးသုတေသနပညာရှင်များက ပြောသည်။

ဘိုင်အိုမက်စင်ထရယ်ဂျာနယ်တွင် ဖော်ပြထားသော လေ့လာမှုစစ်တမ်းတစ်ခု၏ အဆိုအရ အိမ်ထောင်ရေးကွာရှင်းခြင်းနှင့် မုဆိုးမဘဝ ကျရောက်ရခြင်းသည်လည်း ရင်သားကင်ဆာကို ဖြစ်စေနိုင်သည်ဟု သိရသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ▲

အပြုသဘောဆောင်သည့် အမြင်ရှိသော အမျိုးသမီးများသည် ရင်သားကင်ဆာဖြစ်ရန်အခြေအနေ လေးပုံတစ်ပုံ လျော့နည်းဖွယ်ရှိသည်ကို သုတေသနပညာရှင်များက လေ့လာတွေ့ရှိရသည်။

(ဓာတ်ပုံ-အင်တာနက်)

အတည်ပြုချိန် ၃း၁၀

ကြေးမုံ The Mirror

၂၃-၈-၂၀၀၈
(စနေနေ့)

စိမ်းလန်းစိုပြည် စီးပွားဖွံ့ဖြိုး

သစ်တောများထိန်းသိမ်း၊ သစ်ပင်များ တိုးချဲ့စိုက်ပျိုး

ကမ္ဘာတစ်ဝန်းတွင် လေထုပူနွေးလာမှုနှင့်အတူ သစ်တောများ ပြုန်းတီးလာလျက်ရှိသည်။ သစ်ပင်၊ ဝါးပင်၊ သစ်တောများ ပြုန်းတီးမှုကြောင့် ရာသီဥတုဖောက်ပြန်ပျက်ယွင်းမှု ဖြစ်ပေါ်လာနိုင်သဖြင့် ကမ္ဘာ့နိုင်ငံအများအပြားတွင် သစ်တောသစ်ပင်နှင့် သဘာဝတောရိုင်းတိရစ္ဆာန်များကို ကာကွယ်ထိန်းသိမ်းနေကြရပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ရေ၊ မြေ၊ သစ်တော သဘာဝသယံဇာတအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းလျက်ရှိသည်။ ကြိုးဝိုင်းတောများ၊ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝနယ်မြေများကို သစ်တောဥပဒေနှင့်အညီ ထိန်းသိမ်း ဆောင်ရွက်နေသည်။ သစ်တောရေးရာဝန်ကြီးဌာနနှင့်ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်း၍ ဒေသအလိုက် ရေဝေရေလဲသစ်တောများ၊ သဘာဝနယ်မြေများ၊ ကျွန်းအထူးစိုက်ခင်းများကို ထူထောင်လျက်ရှိသည်။

အပူပိုင်းဒေသ ၁၃ ခရိုင်တွင် ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ပြုစုပျိုးထောင်လျက်ရှိရာ သစ်တောများ ရှင်သန်ဖြစ်ထွန်းနေပြီဖြစ်သည်။

သစ်တောရေးရာဝန်ကြီးဌာနက ပဲခူးရိုးမတောင်တန်းတစ်လျှောက် စိမ်းလန်းစိုပြည်လာစေရေး သစ်တောသစ်ပင်များ ပြုစုပျိုးထောင်စိုက်ပျိုးလျက်ရှိသည်။ တောင်ငူခရိုင်အတွင်း ဖြူးမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ရေတာရှည်မြို့နယ်တို့ရှိ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများအတွင်း ကျွန်းအထူးစိုက်ခင်းများ၊ ရေဝေရေလဲကျွန်းနှင့် ပျဉ်းကတိုးစိုက်ခင်းများကို ထူထောင်စိုက်ပျိုးလျက်ရှိရာ ပဲခူးရိုးမတစ်ခွင် စိမ်းလန်းစိုပြည်လျက်ရှိသည်။

"ဥတုရာသီ တောကိုမှီ၏၊ တောတောင်စိမ်းမှ စမ်းရေရ၏"၊ "သစ်ပင်စိုက်ပါဒို့ကမ္ဘာ၊ သာယာလှပ စိမ်းမြမြ" ဟူသည့် သစ်တောရေးရာဆောင်ပုဒ်များသည် ရာသီဥတုကို ပြုပြင်ထိန်းသိမ်းရာ၌ သစ်တောသစ်ပင်များ၏အကျိုးသက်ရောက်မှုကိုဖော်ညွှန်းလျက်ရှိသည်။

ကျွန်း၊ ပျဉ်းကတိုးအပါအဝင် သစ်တောသစ်ပင်များသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရသကဲ့သို့ ဒေသစိမ်းလန်းစိုပြည်ရေးကိုပါ အကျိုးပြုလျက်ရှိရာ သစ်တောဦးစီးဌာနနှင့် ဒေသခံပြည်သူများအားလုံးက သစ်တောသစ်ပင်များ နှစ်စဉ် တိုးချဲ့စိုက်ပျိုးထိန်းသိမ်း ဆောင်ရွက်ကြခြင်းဖြင့် ရာသီဥတု ညီညွတ်မျှတပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လှပနေမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းပိုင်းဆောင်ရွက်မှုနှင့် ပျော်ဘွယ်-ရန်အောင်-နတ်မောက် ရထားလမ်း လမ်းအူကြောင်းရှာဖွေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် ပျော်ဘွယ်မြို့နယ် လင့်စင်ကုန်းကျေးရွာရှိ ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာ ဦးလွမ်းသူက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းပိုင်း ရထားလမ်း သံလမ်းခင်းခြင်းနှင့် ကျောက်ဖြည့်တင်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

တင်ပြချက်များအပေါ် ဝန်ကြီးက ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းပိုင်းကို သတ်မှတ်သည့်အချိန်အတွင်း ပြီးစီးရေးနှင့် စံချိန်စံညွှန်းနှင့်အညီ အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နေပြည်တော်ကို ဗဟိုပြု၍ နေပြည်တော်-ရန်ကုန်၊ နေပြည်တော်-မန္တလေး၊ နေပြည်တော်- မော်လမြိုင်၊ နေပြည်တော်-ပုဂံ၊ နေပြည်တော်-ပြည်၊ နေပြည်တော်-မြင်းခြံရထားလမ်းများ ပြေးဆွဲဖွင့်လှစ်ပြီးဖြစ်ရာ ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းပိုင်း ပြီးစီးသွားပါက နေပြည်တော်မှ ရွှေညောင်သို့ သွားလာနိုင်မည် ဖြစ်သဖြင့် အမြန်ဆုံး ပြီးစီးအောင် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် ဘုရားငါးဆူ လုပ်ငန်းခွင်သို့ ရောက်ရှိပြီး စက်ယန္တရားများဖြင့် တံတားပေါင်များ လုပ်ငန်းခွင်သို့ ပို့ဆောင်နေမှု၊ သံကူကွန်ကရစ်ပေါင်များရောက်ရှိမှု၊ သံလမ်းခင်းကျောက်များ စုပုံထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး MRGC သံလမ်းပြေးယာဉ်ဖြင့် ဘုရားငါးဆူ-ပျော်ဘွယ် လမ်းကြောင်းရှိ သံလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ဘုရားငါးဆူကျေးရွာနှင့် ကုက္ကိုကန်ကျေးရွာအကြားရှိ ပေ ၂၃၀ အရှည်ရှိသော သက်သေ့ချောင်းတံတား ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သံလမ်းလုပ်သားများနှင့် တံတားလုပ်သားများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ်သည် ခရီးမိုင် ၁၆ ဒသမ ၁၉ မိုင်ခန့်ရှိပြီး ပျော်ဘွယ်-သာစည်-ဘုရားငါးဆူ၏ လက်ရှိရထားလမ်းအရှည်မှာ ခရီးမိုင် ၃၁ ဒသမ ၇၅ မိုင်ရှိသဖြင့် ရထားလမ်းသစ်ဖောက်လုပ်ခြင်းကြောင့် ခရီးမိုင် ၁၅ ဒသမ ၅၆ မိုင် ပိုမိုလျော့နည်းသက်သာပြီး သာစည်မြို့သို့ ဖြတ်ရန်မလိုဘဲ ရွှေညောင်မြို့သို့ သွားရောက်နိုင်မည်ဖြစ်သည်။

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် ပျော်ဘွယ်- ရန်အောင် - နတ်မောက် ရထားလမ်း အူကြောင်းမြေနေရာ ရှာဖွေရန် ထွက်ခွာလာရာ ပျော်ဘွယ်ဘူတာသို့ ရောက်ရှိပြီး ၎င်းမှ RBE အထူးရထားဖြင့် ပျော်ဘွယ်-ရန်အောင်ရထားလမ်းတစ်လျှောက် လမ်းပြုပြင်ထိန်းသိမ်းမှု၊ လမ်းကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ရေငံကျေးရွာ၌ လမ်းအူကြောင်းမြေနေရာနှင့် ရန်အောင်ကျေးရွာ၌ ပျော်ဘွယ်-ရန်အောင်-နတ်မောက် လမ်းအူကြောင်း မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးကလိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပေပင်လေးလမ်းဆုံသို့ ရောက်ရှိပြီး ပျော်ဘွယ်-ရန်အောင်-နတ်မောက် လမ်းအူကြောင်းမြေနေရာရှာဖွေခြင်းကို ဒုတိယဝန်ကြီး ဦးဖေသန်းက ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရွာမွန်ကျေးရွာသို့ရောက်ရှိပြီး ပျော်ဘွယ်-ရန်အောင်-နတ်မောက် လမ်းအူကြောင်းမြေနေရာရှာဖွေထားမှု၊ သာမြားကျေးရွာ သာမြားဘူတာ၌ ပျော်ဘွယ်- ရန်အောင်- နတ်မောက် လမ်းအူကြောင်းမြေနေရာရှာဖွေထားမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး ဦးဖေသန်းက ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရပ်မိရပ်ဖများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဩဂုတ် ၁၅ရက်က ရန်ကုန်မြို့ Central Hotel ၌ ကျင်းပသည့် မြဝတီမဂ္ဂဇင်းအယ်ဒီတာချုပ်နှင့် စာပေလောကမှ စာရေးဆရာများမိတ်ဆက်ပွဲတွင် ကဗျာဆရာ၊စာရေးဆရာကြီး ဒေါက်တာထီလာစစ်သူ ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

အောင်ဆန်း မိုးကုတ်ဝိပဿနာရိပ်သာ ၁၀ ရက် တရားစခန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ (၇၇)တွင် (၁၁၇)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်းဖွင့်ပွဲကို ဩဂုတ် ၁၉ရက်ကကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ မဟာပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသ ဆရာတော်ကြီးက ဩဝါဒကထာမြွက်ကြား ဖွင့်လှစ်ပေးပြီး မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်ကြီး၏နာယက၊ အောင်ဆန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၏ ပဓာနနာယက၊ သထုံမြို့ နန္ဒဝံကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာခွဲ၏ပဓာနနာယက၊ ပြည်တွင်း၊ပြည်ပသာသနာပြု မဟာကမ္မဋ္ဌာနာစရိယ၊ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရအရှင်သူမြတ်က မိုးကုတ်ဝိပဿနာ ပဋ္ဌိစ္စသမုပ္ပာဒ် သစ္စာတရားတော်များကို ဟောကြားပြသတော်မူရာ ယောဂီ ၇၉၀ တရားစခန်း ဝင်ရောက်ကြောင်းသိရှိရသည်။ (ကြေးမုံ)

မိုးညှင်းအရှင်ကဉ္ဇနက(ရွှေဘို) တရားပွဲ

ရန်ကုန် ဩဂုတ် ၂၂

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်း၏ အရိယာ ဓမ္မာရုံကြီး၌ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ် ကမ္မဋ္ဌာနာစရိယ ဓမ္မာစရိယ မိုးညှင်းအရှင်ကဉ္ဇနက (ရွှေဘို) အရှင်သူမြတ်သည် (ဝါခေါင်လပြည့်ကျော် ၈ရက်) ၂၄-၈-၂၀၀၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။

(ကြေးမုံ)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မော်လမြိုင်ကျွန်းမြို့နယ်၌ ငါးဖမ်းလှေများ လွှဲပြောင်းပေးအပ်
ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်

နေပြည်တော် ဩဂုတ် ၂၂

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဩဂုတ် ၁၈ ရက်တွင် မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာအုပ်စု ၁၆ အုပ်စုသို့ ထောက်ပံ့ရေးပစ္စည်းများနှင့် ငါးဖမ်းလှေများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် Asia Hi-Tech ကုမ္ပဏီမှလှူဒါန်းငွေဖြင့် မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့် ကျေးရွာများရှိ စာသင်ကျောင်းများအတွက် ပြုလုပ်ပြီးဖြစ်သော လေးယောက်တွဲ စာသင်ခုံများအား ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်စည်ပင်)

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် မေ ၃ ရက်မှစ၍ ဩဂုတ် ၂၁ ရက်အထိ မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ဆောင်ရွက်ခဲ့သည့် ကယ်ဆယ်ရေး၊ အမိုးအကာ အောက်ရောက်ရှိရေး၊ ပြန်လည်ထူထောင်ရေး၊ စိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်းများ၊ မြို့သာယာလှပရေး လုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ငါးဖမ်းစက်လှေ ၃၁၂ စင်းကို မြို့နယ်ငါးလုပ်ငန်း ဦးစီးမှူး ဦးထွန်းထွန်းဦးက လွှဲပြောင်းပေးအပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က လက်ခံပြီး ကျေးရွာအုပ်စု ၁၆ အုပ်စုမှ တက်ရောက်လာသည့် ရေလုပ်သားများသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ Asia Hi-Tech ကုမ္ပဏီမှ လှူဒါန်းသော ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ လေးယောက်ထိုင် စာရေးစားပွဲနှင့် ခုံအစုံ ၇၅၀ ကို Asia Hi-Tech ကုမ္ပဏီကိုယ်စား စည်ပင်သာယာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဦးစိုးကိုကိုက မြို့နယ် ပညာရေးမှူး ဦးတင်မင်းထံ လွှဲပြောင်းပေးအပ်သည်။ ယင်းစာရေးစားပွဲနှင့် ထိုင်ခုံများကို လေဘေးသင့်ကျေးရွာအုပ်စု ၁၆ အုပ်စုသို့ ဆက်လက်လွှဲပြောင်းပေးပို့သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် မော်လမြိုင်ကျွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများပေးအပ်ကြရာ ရွှေသပြေကုမ္ပဏီက တာဝတိံသာ ဘုရားကြီးဘက်စုံမွမ်းမံရန်အတွက် ငွေကျပ်သိန်း ၂၀၊ မြို့မ ၆ ရပ်ကွက် ၁၄ လမ်း ဓမ္မာရုံဘက်စုံမွမ်းမံရန် အလှူငွေကျပ် ငါးသိန်း၊ မော်လမြိုင်ကျွန်းမြို့နေ ဦးကြည်လွင်-ဒေါ်ခင်ခင်အေး (မြင်းကျားဆေးလိပ်) က ငွေကျပ် သုံးသိန်း၊ ဦးတင်လှိုင်-ဒေါ်ညွန့်ညွန့်ကြည် (နီလာရွှေဆိုင်)က ငွေကျပ် သုံးသိန်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ငွေကျပ် ၁၆၅၀၀၀၊ ဦးမောင်လှက ငွေကျပ် နှစ်သိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ ဒုတိယဦးစီးမှူး ဦးတင်အောင်ဝင်းက ငွေကျပ်တစ်သိန်း အပါအဝင် အလှူရှင် ၁၄ ဦးတို့က စုစုပေါင်း ငွေကျပ် ၁၀၄၉၃၀၀၀ ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် မော်လမြိုင်ကျွန်းမြို့ ကမ်းနားလမ်း၌ အသင့်တည်ဆောက်ပြီး စက်လှေများအား လေဘေးသင့် ကျေးရွာအုပ်စုများမှ ရေလုပ်သားများသို့ တစ်ဦးချင်း လွှဲပြောင်းပေးနေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက်ဝန်ကြီးသည် မော်လမြိုင်ကျွန်းမြို့ မိုးလုံလေလုံ အားကစားရုံ အတွင်း၌ စည်ပင်သာယာရေး ဦးစီးဌာနနှင့် Bridge Asia-Japan (အာရှ-ဂျပန် ပေါင်းကူးအဖွဲ့)တို့ ပူးပေါင်း၍ ယခင် ကျေးရွာများတွင် အသုံးပြုခဲ့ပြီး ပျက်စီးနေသော လက်တွန်းထွန်စက်များအား အခမဲ့ ပြုပြင်ပေးနေမှုကို သွားရောက်ကြည့်ရှုသည်။ စည်ပင်သာယာရေး ဦးစီးဌာနနှင့် Bridge Asia-Japan တို့ ပူးပေါင်း၍ မော်လမြိုင်ကျွန်းမြို့နယ် ယာယီ အလုပ်ရုံ၌ လက်တွန်းထွန်စက် အပျက် ၈၉ စီး၊ ကြက်လျှာ ကျေးရွာ ယာယီအလုပ်ရုံ၌ လက်တွန်းထွန် စက်အပျက် ၁၀၆ စီးတို့ကို အခမဲ့ ပြုပြင်ပေးခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် Asia Hi- Tech ကုမ္ပဏီမှ လှူဒါန်းငွေဖြင့်လေဘေးသင့်ကျေးရွာများရှိ စာသင်ကျောင်းများအတွက် ပြုလုပ်ပြီးဖြစ်သော လေးယောက်တွဲ စာသင်ခုံများကို ကြည့်ရှုစစ်ဆေး၍ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသော စက်လှေများ တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဝန်ကြီးသည် မော်လမြိုင်ကျွန်းမြို့ မဟာဗန္ဓုလလမ်းမကြီး တစ်လျှောက် လမ်းလယ်ကျွန်းနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသော လမ်းလယ်ကျွန်း မီးတိုင်များ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးသည်နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏အစီအစဉ်အရဆောင်ရွက်ပေးခဲ့သောမြဝတီရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ (မော်လမြိုင်ကျွန်း)သို့ ရောက်ရှိပြီး မြဝတီရုပ်မြင်သံကြား အစီအစဉ်များ ထုတ်လွှင့်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ဘိုးဘွားများအား အမှုးထား၍ မရမ်းကုန်းမြို့နယ် ကိုးမိုင်သာယာကုန်း ရှမ်းရွာလမ်းနေ ကိုလိုင်ဝေချင်း-မခင်သီဂီစိုးတို့၏ သား ညဏ်လင်းရှင် နှစ်နှစ်ပြည့် မွေးနေ့အလှူအဖြစ်ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ နဝကမ္မငွေပဒေသာပင် အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (ကြေးမုံ)

ဩဂုတ် ၁၈ ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးကြီး ညဏ်ထွန်းအောင် အလုံမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံး၌ မြို့နယ်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံညှိနှိုင်းဆွေးနွေးစဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၈-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ် ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၅	၄။	ကျန်းမာသုတ
၁၂း၃၀	၅။	**မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -ညီအစ်ကို သူငယ်ချင်း နေတိုး၊ထွန်းထွန်း၊ ပုလဲဝင်း၊ သဇင် [ဒါရိုက်တာ - ခင်မောင်ဦး စိုးသိန်းထွဋ်]**
၁း၅၀	၆။	အမျိုးသားရေးတေးကဗျာ
၁း၅၅	၇။	အပိတ်နှုတ်ဆက်စကား
၂း၀၀	၈။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲတူယှဉ်တွဲ
၄း၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၂၅	၆။	အမျိုးသားရေးတေးကဗျာ
၄း၃၅	၇။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၄း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀	၉။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေး တေးကဗျာ
၆း၂၅	၁၃။	အံ့ဩဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၅	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - ရာဇဝင်တွင်တဲ့ သူရဲကောင်း (အပိုင်း-၉၈)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	လူရွှင်တော်ရွှေဖလား
	၂၀။	English Usage
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	**ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -နှင်းတောင်သူရဲကောင်း အပိုင်း(၂၁)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

စာကြည့်တိုက် အဆောက်အအုံ ရှင်သန်ခိုင်မာရေး ညှိနှိုင်းဆွေးနွေး

ပန်းတနော် ဩဂုတ် ၂၂

ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်လှိုင်နှင့် ဒေါ်ဥမ္မာကြည်(အငယ်တန်းစာရေး)တို့သည် ဩဂုတ် ၈ ရက်က ပန်းတနော်မြို့နယ် အင်းမကျေးရွာအုပ်စုသို့သွားရောက်ပြီး ကျေးရွာဥက္ကဋ္ဌ ဦးခင်ဇော်နှင့် စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံကာ အားမာန်သစ်စံပြ စာကြည့်တိုက် အဆောက်အအုံဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာစာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် အဆင့်မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ် (၁၇)၊ နိုင်ငံတကာ ဆက်ဆံရေးသင်တန်းအမှတ်စဉ်(၇)၊ ကွန်ပျူတာသင်တန်း အမှတ်စဉ် (၃) သင်တန်းများဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် သင်တန်းများဆင်းပွဲတွင် အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ယနေ့ မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ ကျင်းပသော အဆင့်မြင့်အုပ်ချုပ်မှု သင်တန်း အမှတ်စဉ်(၁၇)၊ နိုင်ငံတကာဆက်ဆံရေးသင်တန်း အမှတ်စဉ်(၇)၊ ကွန်ပျူတာသင်တန်း အမှတ်စဉ်(၃) သင်တန်းများဆင်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေး မှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူး ချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူးနှင့် တွဲဖက် အတွင်းရေးမှူး၊ သင်တန်းနည်းပြ များနှင့် သင်တန်းသား သင်တန်းသူ များ တက်ရောက်ကြသည်။

ထူးချွန်ဆုများပေးအပ်

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က သင်တန်းဆင်းအမှာ စကားပြောကြားပြီး သင်တန်းထူးချွန် ဆုရအဆင့်မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ် (၁၇)တွင် စံပြသင်တန်း သားဆုရ ဦးမြင့်စိုး၊ နိုင်ငံတကာ ဆက်ဆံရေးသင်တန်း အမှတ်စဉ် (၇) တွင် စံပြသင်တန်းသားဆုရ ဦးဟန်ကိုလတ်၊ ကွန်ပျူတာသင်တန်း အမှတ်စဉ် (၃)တွင် စံပြသင်တန်းသူ ဆုရ ဒေါ်မာမာသွင်တို့အား ထူးချွန် ဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ သင်တန်းဆင်းအောင် လက်မှတ်များကို သင်တန်းသား ခေါင်းဆောင်များသို့ ပေးအပ်ပြီး သင်တန်းသား၊ သင်တန်းသူများ အား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ သင်တန်းများသို့ နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများနှင့် နေပြည်တော် စည်ပင် သာယာရေးကော်မတီတို့မှ သင်တန်း သား၊ သင်တန်းသူများ တက်ရောက် ခဲ့ရာ အဆင့်မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၁၇)သို့ သင်တန်းသား၃၀၊ နိုင်ငံတကာ ဆက်ဆံရေးသင်တန်း အမှတ်စဉ် (၇) သို့ သင်တန်းသား၊ သင်တန်းသူ၂၀၊ ကွန်ပျူတာသင်တန်း အမှတ်စဉ် (၃) သို့ သင်တန်းသား၊ သင်တန်းသူ ၃၀ စုစုပေါင်း သင်တန်း သား၊ သင်တန်းသူ ၈၀ တက်ရောက်ခဲ့ ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၁၂ ပတ် ကြာမြင့်ခဲ့ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

အထက သုဝဏ္ဏ ပညာသင်ထောက်ပံ့ကြေးနှင့် ဗလာစာအုပ်၊ စာရေးကိရိယာများ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်း ကျွန်းမြို့နယ် အထက (သုဝဏ္ဏ) ကျောင်းအကျိုးတော်ဆောင် အဖွဲ့က ကြီးမှူး၍ ၂၀၀၈-၂၀၀၉ ပညာသင် နှစ် ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံး ဗလာစာအုပ်၊ စာရေး ကိရိယာများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉နာရီတွင် ကွန်ပျူတာ ခန်းမ၌ ကျင်းပရာ ကျောင်းအကျိုး တော်ဆောင်အဖွဲ့နာယကကြီးများဖြစ် ကြသော မြို့နယ်ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူး ဦးခင်ဝေ၊ ဗိုလ်မှူးကြီး အောင်ဒင် (အငြိမ်းစား)၊ ဦးလှတင်၊ ဗိုလ်မှူးအောင်မြတ် (ငြိမ်း)၊ ဦးထွဏ်း ထွဏ်းနှင့် ဒေါ်ရီရီမြင့်၊ ကျောင်းအုပ် ဆရာကြီး ဦးအောင်ကျော်မြ၊ ကျောင်း အကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးချစ်မျိုး၊ အတွင်းရေးမှူး ဦးကျော် ကျော်၊ တွဲဖက်အတွင်းရေးမှူး ဦးသိန်း တိုး၊ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်တင် တင်သန်း (ဖူဂျီကိုပုံနှိပ်တိုက်) နှင့် အဖွဲ့ဝင်များ၊ မိဘဆရာအသင်း ဒုတိယ ဥက္ကဋ္ဌ ဒေါ်နီနီရှိန်၊ အတွင်းရေးမှူး ဒေါ်ဖြူဖြူဝေ၊ ကျောင်းတာဝန်ခံ ဆရာမကြီး ဒေါ်မြမြကြည်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တာဝန်ရှိသူများ က အမှာစကား ပြောကြားကြပြီး ပညာသင်ထောက်ပံ့ကြေးနှင့် စာရေး ကိရိယာများ ပေးအပ်လှူဒါန်းသည်။

(ဓါတ်ပုံ)

ဆက်လက်၍ ကျောင်းအကျိုး တော်ဆောင်အဖွဲ့ နာယက ဦးထွဏ်း ထွဏ်းမိသားစုက ချို့တဲ့ပြီး ပညာ ထူးချွန်သော အဋ္ဌမတန်း (က) မှ မနှင်းနှင်းအေးအား ကျောင်းဝတ်စုံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကျောင်းအကျိုးတော် ဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးချစ်မျိုးက ကျေးဇူးတင်စကား ပြောကြားသည်။ (ကြေးမုံ)

ရန်ကုန်တိုင်းပြင်ပရှိ မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ယူနိုင်မည့် ကျပ် (၁၀၀)တန် ထီဆုငွေတန်ဖိုး တိုးမြှင့်သတ်မှတ်

ရန်ကုန် ဩဂုတ် ၂၂

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲသည် ကျပ် (၁၀၀)တန် ထီဖွင့်ပွဲများကို လစဉ် ကျင်းပလျက်ရှိပြီး ထီဆုငွေများကို ထုတ်ပေးရာတွင် ဆုငွေကျပ် ၄၀၀၀၀ (ကျပ်လေးသောင်း)နှင့်အထက် ထီဆုငွေများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများတွင် ထုတ်ပေးလျက်ရှိပြီး ကျပ် ၄၀၀၀၀ (ကျပ်လေးသောင်း)နှင့်အောက် ထီဆုငွေများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ အောင်ဘာလေ သိန်းဆုဌာနခွဲရုံးများအပြင် ရန်ကုန်တိုင်းပြင်ပရှိ ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ တွင် ထုတ်ယူခွင့်ပြုလျက်ရှိသည်။

ယခုအခါ ထီဆုငွေထုတ်ယူသူများ ပိုမိုအဆင်ပြေလွယ်ကူစေရန် ၂၀၀၈ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် စတင်ရောင်းချပြီး အောက်တိုဘာ ၁ ရက်တွင် ဖွင့်လှစ်မည့် (၂၃၇)ကြိမ်မြောက် ထီဖွင့်ပွဲမှစတင်၍ ကျပ် ၁၀၀၀၀၀၀ (ကျပ် ၁၀ သိန်း)နှင့်အောက် ထီဆုငွေများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ အောင်ဘာလေသိန်းဆုဌာနခွဲ ရုံးများအပြင် ရန်ကုန်တိုင်းပြင်ပရှိ ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ပေး မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ငွေကျပ် ၁၀၀ တန် ထီဖွင့်ပွဲ စက်တင်ဘာ ၁ ရက်တွင် ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၂

(၂၃၆)ကြိမ်မြောက် ငွေကျပ် ၁၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်း နှင့်(၃၇)လမ်းထောင့် ကျောက်တံတား မြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမ ဆောင်၌ စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ တစ်ရက်တည်းဖြင့်အပြီး ဖွင့်လှစ်မည် ဖြစ်သည်။

ထို့ကြောင့် တန်ဖိုးအလိုက် ဆုမဲ များမှာ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ် သိန်း ၂၀၀ လေးဆု၊ ငွေကျပ်သိန်း ၁၀၀ (၃၈) ဆု၊ ငွေကျပ် ၁၀ သိန်း (၅၆၁)ဆု၊ ငွေကျပ်ငါးသိန်း (၂၁)ဆု၊ ငွေကျပ်လေးသိန်း (၂၄)ဆု၊ ငွေကျပ် နှစ်သိန်း (၁၉၅) ဆု၊ ငွေကျပ် တစ်သိန်း (၁၅၃၀) ဆု၊ ငွေကျပ် ရှစ်သောင်း (၆၅) ဆု၊ ငွေကျပ် လေးသောင်း (၁၀၂) ဆု၊ ငွေကျပ် နှစ်သောင်း (၁၅၈၃၅) ဆု စုစုပေါင်း (၁၈၃၇၈)ဆု ဖြစ်ကြောင်း သိရှိရ သည်။

(သတင်းစဉ်)

ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ အနောက်ဘက်စောင်းတန်း ပြုပြင်မွမ်းမံခြင်းအတွက် အလှူငွေများ လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၂၂

ပဲခူးတိုင်း (အနောက်ပိုင်း)ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော်မြတ်ကြီး၏ အနောက်ဘက်စောင်းတန်းကြီးကို ၂၀၀၇ ခုနှစ် အောက်တိုဘာ ၄ရက်မှစတင်၍ ရပ်ဝေးရပ်နီးမှ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ပြုပြင်ခဲ့ရာ ယခုအခါ ပြီးစီးထမြောက် အောင်မြင်တော့မည်ဖြစ် သည်။

သို့အတွက် အနောက်ဘက်စောင်းတန်းတော်ကြီး ဖွင့်လှစ်ပွဲကို ၁၃၇၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၁၄ရက်)တွင် ခမ်းနားစွာ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ရဟန်းရှင်လူပြည်သူများ အနေဖြင့် ဖုန်း-၀၅၃-၂၅၀၃၅၊ ၀၅၃-၂၅၁၈၀တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၈-၂၀၀၈ (စနေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"အမှတ်တမဲ့အမှား"တရားတော် (ဆရာတော် ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ)
၈း၀၀ - ၂း၀၀	ဂေါ့ဖ်ချစ်သူများအတွက် ဂေါ့ဖ် Accessories
၈း၁၀ - ၂း၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၃၅ - ၂း၃၅	မော်လမြိုင်တောင်ရိုးတန်းမှာ သပွါယ်ထင်ရှား ဦးဇိနဘုရား
၈း၅၅ - ၂း၅၅	တေးဂီတအစီအစဉ်
၉း၀၀ - ၃း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀ - ၃း၁၀	Movie Mistakes (The Matrix)
၉း၃၀ - ၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅ - ၃း၃၅	စွမ်းရည်မြင့်မား လယ်ယာ(၁၆)လက်တွန်းထွန်စက်တာယာများ
၁၀း၁၀ - ၄း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅ - ၄း၁၅	Shopping Guide (စိန်ဂေဟာစူပါစင်တာ)
၁၀း၃၀ - ၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅ - ၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀ - ၄း၄၀	စိတ်၏ငြိမ်းအေးရာနေရာ
၁၁း၀၀ - ၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀ - ၅း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅ - ၅း၁၅	စိတ်ဝင်စားစရာကျောက်မျက်ကမ္ဘာ (တော်ဝင်ခမ်းနားပတ္တမြား)(အပိုင်း-၁)
၁၁း၄၅ - ၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀ - ၅း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅ - ၅း၅၅	ကလောစျေးနေ့
၁၂း၀၅ - ၆း၀၅	နိုင်ငံတကာအနုပညာရေးရာ
၁၂း၂၅ - ၆း၂၅	အနာဂတ်ရင်သွေးငယ်များ၏အရည်အသွေး (ပါမောက္ခဒေါက်တာမြင့်မောင်မောင်)
၁၂း၄၀ - ၆း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅ - ၆း၄၅	ထူးထူးခြားခြားရာ သီဥတုဖြစ်စဉ်များ
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၂၅	Liverpool-Middlesbrough	ESPN(Live)
	Tottenham-Sunderland	Star Sports(Live)
၁၀း၅၅	Fulham-Arsenal	Star Sports(Live)
၁၁း၀၀	West Brom-Everton	ESPN(Live)

Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ

နံနက်	အကြောင်းအရာ	ပြသမည့်လိုင်း
၁၀း၃၀	Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ	MRTV-4(Live)

ညနေ	အကြောင်းအရာ	ပြသမည့်လိုင်း
၃း၃၀	Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ	MRTV-4(Live)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးသားပေါက် စိုက်ထည့်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးသားပေါက်များ စိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လျှိုပိတ်ဆည် သုံးခု၌ ကျင်းပရာ ရှေးဦးစွာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက လျှိုပိတ်ဆည်များအတွင်း ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးခုံးမနှင့် ငါးကြင်းဖြူ စသည့် ငါးသားပေါက်များကို စိုက်ထည့်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများက ဆည်များအတွင်း ငါးသားပေါက်များ စိုက်ထည့်ပေးကြရာ ဝန်ကြီးက လိုက်လံကြည့်ရှု အားပေးသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် ပိတောက်ပင်ကို စိုက်ပျိုးပေးပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများသည် အရိပ်ရအပင်များ၊ စားပင်၊ သီးပင်၊ နှစ်ရှည်ပင်များကို စုပေါင်းစိုက်ပျိုးပေးကြသည်။

အလားတူ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးရုံး၌ မြန်မာ့စီးပွားရေးဘဏ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများသည် အရိပ်ရအပင်များ၊ စားပင်၊ သီးပင်၊ နှစ်ရှည်ပင်များကို စုပေါင်းစိုက်ပျိုးကြရာ ဝန်ကြီးက လိုက်လံကြည့်ရှုအားပေးသည်။

ယနေ့အခမ်းအနားတွင် လျှိုပိတ်ဆည် သုံးခုအတွင်း ရွှေဝါငါးကြင်း ၃၀၀၀၊ ငါးမြစ်ချင်း ၁၃၅၀၀၊ ငါးခုံးမ ၆၅၀၀ နှင့် ငါးကြင်းဖြူ ၃၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၂၆၀၀၀ စိုက်ထည့်ပေးကြပြီး သစ်ပင်စိုက်ပျိုးပွဲတွင် စိန်ပန်း၊ ကုက္ကို၊ မန်ကျည်း၊ ပိတောက်၊ သရက်၊ ပိန္နဲ စုစုပေါင်း အပင် ၅၀၀ စိုက်ပျိုးခဲ့ပြီး ယနေ့အထိ အရိပ်ရ၊ လေကာ၊ နှစ်ရှည်ပင်၊ စားပင်၊ သီးပင် စုစုပေါင်းအပင် ၃၇၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးသားပေါက်များစိုက်ထည့်ခြင်းအခမ်းအနားတွင် လျှိုပိတ်ဆည်များအတွင်း ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးခုံးမနှင့် ငါးကြင်းဖြူ စသည့် ငါးသားပေါက်များကို စိုက်ထည့်ပေးစဉ်။

(ဘဏ္ဍာ/အခွန်)

ရတနာမဥ္ဇူဓမ္မရိပ်သာ၌ တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၂

ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်ဇေယျာနန္ဒ(ပုဂံ) ကြီးမှူး၍ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်း(၁) ရပ်ကွက် (၂)လမ်းရှိ ရတနာမဥ္ဇူဓမ္မရိပ်သာ၌ လယ်တီမူ အနာဂါမ်ဆရာသက်ကြီးနည်းဖြင့် ဆရာကြီးဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ-ဒလ-ပျော်ဘွယ်ကြီး) ဦးဆောင်ကာ (ဝါခေါင်လပြည့်ကျော် ၈ ရက်) ၂၄-၈-၂၀၀၈ မှ (တော်သလင်းလဆန်း ၁ရက်) ၃၁-၈-၂၀၀၈ အထိ တရားစခန်းဖွင့်လှစ်မည်ဖြစ်၍ တရားစခန်းဝင်လိုသူများသည် ဖွင့်လှစ်မည့်နေ့ နံနက် ၇နာရီအရောက် အမျိုးသားမှတ်ပုံတင်ယူဆောင်၍ အထက်ပါ တရားစခန်းသို့ အရောက်လာကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

ကုသိုလ်ယူ ဆေးလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၂

၁၃၇၀ ပြည့်နှစ် ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ ဆေးအလှူပွဲကို ဗိုလ်တထောင်ဘုရားဈေးလမ်းရှိ မိခင်တိုင်းရင်းဆေးခန်းတွင် ဩဂုတ် ၁၆ရက်က ကျင်းပရာ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာများ အသင်း (ရန်ကုန်)မှ အလုပ်အမှုဆောင်ဆရာကြီး ဦးမြင့်သောင်း (မိခင်ဆေးကုခန်း) နှင့် ဆရာမကြီး ဒေါ်မြင့်ကြည်တို့က ရောဂါဝေဒနာရှင်များအား အခမဲ့ရောဂါစမ်းသပ်၍ ဆေးဝါးများ လှူဒါန်းကြသည်။ **(အောက်ပုံ)**

ယင်းသို့ ဆေးကုသိုလ်ယူလှူဒါန်းခြင်းကို ၁၉၈၇ ခုနှစ်မှစပြီး ဆောင်ရွက်ခဲ့ရာ ၂၂ နှစ်ကျော်ရှိခဲ့ပြီး လူမျိုးဘာသာမရွေး၊ အယုတ်အလပ်မရွေး အပတ်စဉ်လပြည့်၊ လကွယ်နေ့တိုင်း လူနာဦးရေ ၃၀၀ ခန့်ကို စမ်းသပ်ကုသပေးလျက်ရှိသည်။

လှူဒါန်းသည့် ဆေးအမျိုးအစားများမှာ တိုင်းရင်းဆေးခန်းများတွင် လက်ရှိအသုံးပြုနေသည့် ဆေးအမျိုးပေါင်း ၅၇ မျိုးမှ အမျိုးပေါင်း ၄၀ နှင့် ကိုယ်တိုင်ဖော်စပ်ထုတ်လုပ်သည့် မိခင်အမှတ်တံဆိပ်ဆေးများ ပါဝင်သည်။ (၁၁)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၁၂) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၂

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၁၂)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ ဇော်မင်းမင်းဦး၊ ရန်နိုင်ဦး၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ စန္ဒရားကိုခင်လှ၊ မောင်စိမ်းနောင်(လယ်ဝေး)၊ မြတ်ဘုန်း(တပ်ကုန်း)၊ အသုတ်မောင်ဝင်းရောင်၊ မောင်ပြည့်စွမ်း(ပင်လည်ဘူး)၊ ပွင့်မွှန်မွှန်သိန်း၊ ခြိမ့်နိုင်၊ ပိုနေမြ (ဝက်လက်)တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ ချစ်နိုင် (စိတ်ပညာ)၊ မြင့်သိန်းအောင်၊ သာနိုင်အောင်(ကျိုက်မရော)၊ တက္ကသိုလ်တင်ခ၊ တက္ကသိုလ်စိုးယဉ်၊ ကြည်သာ၊ စစ်ကိုင်းစိမ်းစိမ်း၊ ထွဏ်း(ရေကြောင်းအင်ဂျင်နီယာ)၊ မြင်းမူဦးအောင်မြင့်သိမ်း၊ မွှေးငယ်ငယ်၊ သုတေသီကြည်သန့်ဇင်၊ ဒေါက်တာ နှင်းအေးခိုင်ဆွေ၊ မောင်ရည်ကျော်(ရူပ)၊ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)၊ နေမျိုးသန့်၊ မောင်အောင်မြင် (မိတ္ထီလာ)၊ စာတည်းအဖွဲ့ဝင်တစ်ဦး၊ ချစ်စံဝင်း၊ ဖျာပုံလှမိုးနွယ်၊ တက္ကသိုလ်မောင်လူလှ၊ ခင်မိမိ၊ နီငြိမ်း (အညာတက္ကသိုလ်)၊ စေတနာလှိုင်(ရေစကြို)၊ တင်ဝင်း(ပညာရေး)တို့၏ဆောင်းပါးများ၊ နတ်မောက် အနီချို၊ မန္တယ်(ကလော)၊ ဦးစံတင်အောင်(ရွှေဘို)၊ ဆင်ဖြူကျွန်း-အောင်သိန်း၊ မောင်ဒေါင်းဆွေ (ရွှေဇာမြေ)၊ ဝင့်မိုး (ဥက္ကလာ)၊ ရည်မွန်သာ (ဒဂုံတက္ကသိုလ်)၊ စိမ်းသော်၊ ခိုင်ကျော်နွယ်(ကျောက်တော်)၊မင်းဦး(ဒသန)၊ ရွှေကိုဦး၊ ကျော်ကျော်လွင်၊ စည်သူကျော်တို့၏ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ စာပေအလင်း၊ စာပေသတင်းကဏ္ဍ၊ စာအုပ်စင်ကဏ္ဍ၊ ဗုဒ္ဓစာဥယျာဉ်၊ တိုင်းရင်းသားကဏ္ဍ၊ တောခလေ့၊ စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင်၊ စာလက်ဆောင်ကဏ္ဍ၊ ကဗျာပန်းရုံရိပ်တို့ဖြင့် သုတရသစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန် ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းဆရာအတတ်သင်ရှေ့ သစ္စာလမ်း ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၁၇ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါက်တာသက်သက်စံ ဆုရသူ ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (၅၃၆)

ချင်းတွင်းမြစ်ရေ ပြန်လည်ကျဆင်းမည်

ရန်ကုန် ဩဂုတ် ၂၂

ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ မြန်မာစံတော်ချိန် ၁၂နာရီခွဲ တိုင်းထွာချက်အရ ဟုမ္မလင်းမြို့တွင် ၂၉၁၂ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၂ စင်တီမီတာ(ဝဒသမ၄ပေ)ခန့် ကျော်လွန်နေကာ အဆိုပါမြစ်ရေသည် နောက် ၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၂၉၀၀ အောက်သို့ ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်းထားသည်။

ထို့ပြင် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်များအရ မော်လိုက်မြို့တွင် စင်တီမီတာ ၁၂၈၀နှင့် ကလေးဝမြို့တွင် ၁၅၈၁ စင်တီမီတာအသီးသီးသို့ ရောက်ရှိနေပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်များအထက် စင်တီမီတာ ၅၀(၁ဒသမ၆ပေ)ခန့်နှင့် ၃၁စင်တီမီတာ(၁ပေ)ခန့်သို့ အသီးသီး ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေများသည် နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

ရန်ကုန် ဩဂုတ် ၂၂

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ခရမ်းမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ သီပေါမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ပုသိမ်မြို့တွင် ၁ဒသမ ၈၉လက်မ၊ ပြင်ဦးလွင်မြို့တွင် ၁ ဒသမ ၈၂ လက်မ၊ တောင်ငူမြို့နှင့် သထုံမြို့တို့တွင် ၁ဒသမ၆၂လက်မစီ၊ မော်လမြိုင်မြို့နှင့် ကော့သောင်းမြို့တို့တွင် ၁ဒသမ ၅၇လက်မစီနှင့် ဗန်းမော်မြို့တွင် ၁ဒသမ ၅၄လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဩဂုတ် ၂၃ရက် ညနေထိ ခန့်မှန်းချက်။ ။စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဩဂုတ်လ စတုတ္ထရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်။ ။ လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားမိုးရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၀ ဒသမ၇ ဒီဂရီစင်တီဂရိတ် (၈၇ ဒီဂရီဖာရင်ဟိုက်)၂၁-၈-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၀ ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၆၉ ဒီဂရီဖာရင်ဟိုက်)၂၂-၈-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၆ ရာခိုင်နှုန်း ၂၂-၈-၂၀၀၈

နေပူသည့်နာရီပေါင်း ၁ ဒသမ ၈နာရီခန့် ၂၁-၈-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၂-၈-၂၀၀၈	၆မမ	၈မမ	၂၉ မမ
	(၀ဒသမ၂၃လက်မ)	(၀ဒသမ၃၂လက်မ)	(၁ဒသမ၁၄လက်မ)
၁-၁-၂၀၀၈မှ ယနေ့အထိ	၂၀၁၀ မမ	၂၂၅၅မမ	၂၆၆၈မမ
	(၇၉ဒသမ၁၃လက်မ)	(၈၈ဒသမ၇၈လက်မ)	(၁၀၅ဒသမ၀၄လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၁-၈-၂၀၀၈ ရက် ၁၆း၄၅နာရီတွင် တောင်ဘက်မှ တစ်နာရီ ခုနှစ်မိုင်နှုန်း တိုက်ခတ်သည်။

အသိပညာ၊ အတတ်ပညာနှင့် စိတ်ဓာတ် စေတနာ ကုံလုံကြွယ်ဝကြရမည်

ယနေ့ ကမ္ဘာကြီးသည် အချိန်နှင့်အမျှ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေသည်။ နည်းပညာ၊ လူမှုစီးပွားနှင့် နိုင်ငံရေး အဘက်ဘက်တွင် ဖြစ်သည်။ မဖြစ်နိုင်ဟု ယူဆထားသည်များ အမှန်တကယ် ဖြစ်ပေါ်လာခဲ့သည်။ အရာရာကို ပညာဖြင့်စေစားပြီး ဖွံ့ဖြိုးတိုးတက်မှုကို နည်းမျိုးစုံဖြင့် ကြံဆောင်ဖန်တီးလျက် ရှိကြသည်။ မိမိတို့နိုင်ငံသည်လည်း ကမ္ဘာကြီးနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်တွင် လိုက်ပါဖြတ်သန်းနေရပေပြီ။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရန် ပြည်သူတို့၏ အသိဉာဏ် ဖွံ့ဖြိုးရှင်သန်ရမည်။ ယနေ့ခေတ်ကို ပညာခေတ် (Knowledge Age)ဟု ခေါ်ဝေါ်တင်စား ညွှန်းဆိုလျက်ရှိကြသည်။ မိမိတို့နိုင်ငံအနေဖြင့်လည်း နိုင်ငံတကာနည်းတူ ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်ပြီး ရေရှည်ထိန်းသိမ်းဆောင်ရွက်နိုင်ရန် လူ့ဘောင်အဖွဲ့အစည်းကို အစဉ်လေ့လာ သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း (Life Long Learning Society)ဖြစ်စေရန် ရည်မှန်းဖော်ဆောင်လျက်ရှိသည်။ လူ့စွမ်းအားအရင်းအမြစ်များ (Human Resources) တိုးတက်မြင့်မားရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

မျက်မှောက်ကာလသည် ပညာခေတ်ဟု ဆိုရာတွင် သာမန်စဉ်းစားကြည့်ပါက သိပ္ပံပညာ၊ နည်းပညာတတ်ကျွမ်းရမည့် အချိန်ကာလဟု သဘောပေါက်နိုင်ပါသည်။ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည့် ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ သိပ္ပံပညာရှင်ကြီးများဖြစ်လာရန် ကြိုးပမ်းကြရမည်ဟု နားလည်မိပေလိမ့်မည်။ အမှန်တကယ်မူ ပညာဆိုသည်မှာ ထို့ထက်ကျယ်ဝန်းနက်ရှိုင်းပါသည်။

မိမိတို့ ငယ်စဉ်က ဆရာ၊ ဆရာမများ သင်ကြားပေးသော ကျောင်းပညာများကို နာယူမှတ်သား လေ့လာကြသည်။ မူလတန်းမှ အလယ်တန်း၊ အလယ်တန်းမှ အထက်တန်း၊ အထက်တန်းမှ အဆင့်မြင့်ပညာစသဖြင့် အခြေခံပညာ၊ အဆင့်မြင့်ပညာများကို မိမိတို့ စွမ်းရည်ရှိသမျှ၊ တတ်စွမ်းသမျှ လေ့လာသင်ယူခဲ့ကြသည်။ ဆရာ၊ ဆရာမများကလည်း မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ စသည့် ဘာသာရပ်မျိုးစုံကို သင်ကြားပေးခဲ့ကြသည်။

မိမိတို့ ကြိုးစားလျှင် ကြိုးစားသလောက် ဆရာဝန်၊ အင်ဂျင်နီယာ၊ ရှေ့နေ၊ ကျောင်းဆရာ စသည်ဖြင့် အတတ်ပညာရှင်များ ဖြစ်လာခဲ့ကြသည်။ အချို့ကလည်း အတတ်ပညာတတ်မြောက်ပြီး နိုင်ငံ့ဝန်ထမ်း မလုပ်ကြဘဲ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများဖြင့် အောင်မြင်မှုရရှိခဲ့ကြသည်။ ဤသည်တို့မှာ အတတ်ပညာများဖြစ်သည်။ ကျောင်းကသင်ပေးသော အတတ်ပညာများသည် မိမိတို့ဘဝ အသက်မွေးဝမ်းကျောင်းမှုအတွက် ရပ်တည်နိုင်သည့် အကျိုးကျေးဇူးများ ရရှိနိုင်ခြင်းပင် ဖြစ်သည်။

မိမိတို့ငယ်စဉ်ဘဝ ကျောင်းနေစဉ်မှစ၍ ကျောင်းတွင် ဆရာ၊ ဆရာမများက သော်လည်းကောင်း၊ အိမ်တွင် လူကြီးမိဘများက သော်လည်းကောင်း လူကြီးရှေ့သွားလျှင် ကိုယ်ကို ကိုင်းညွတ်၍ သွားရမည်။ လူကြီးနှင့် ထမင်းတစ်ဝိုင်းတည်းစားလျှင် ဦးချပြီးမှ စားရမည်။ ယဉ်ကျေးလိမ္မာရန် မည်သို့နေထိုင်ပြောဆိုရမည် စသည့် လူမှုအသိပညာများကို သင်ပြပေးခဲ့ကြသည်။ လောကနီတိ၊ လူ့ကျင့်ဝတ်တို့ကို ညွှန်ပြခဲ့သည်။ ၎င်းအသိပညာများသည် လူတစ်ယောက်အတွက် မွေးသည်မှ သေဆုံးသည်အထိ အကျိုးရှိရှိ နေထိုင်သွားနိုင်စေမည့် နည်းလမ်းများပင် ဖြစ်သည်။ ကျန်းမာအောင် မည်သို့နေရမည်၊ အသက်ရှည်အောင် မည်သို့ကျင့်ကြံရမည်၊ လူလူချင်းမည်သို့ ဆက်ဆံရမည်၊ မိမိပတ်ဝန်းကျင်အကျိုး မည်သို့သယ်ပိုးရမည် စသည်တို့သည် လူ့ဘဝအတွက် မရှိမဖြစ်၊ မသိမဖြစ် အရေးကြီးသော လူမှုရေး အသိပညာများပင် ဖြစ်သည်။

လူ့ဘဝတွင် အံဝင်ခွင်ကျနေထိုင်နိုင်ရန် အတတ်ပညာရော၊ အသိပညာပါ တတ်သိဖို့လိုအပ်သည်။ အတတ်ပညာရှိပါက မိမိဘဝ၏ နေထိုင်စားသောက်မှုအတွက် သက်သောင့်သက်သာ လုပ်ကိုင်နိုင်ပေလိမ့်မည်။

အတတ်ပညာသည် ဘဝအတွက်အရေးပါသော လိုအပ်ချက်တစ်ခုမှုဖြစ်ပါလိမ့်မည်။ အတတ်ပညာထူးချွန်ထက်မြက်သည်နှင့်အမျှ ရှိသင့်ရှိထိုက်သော ကျင့်ဝတ်သိက္ခာ၊ အသိပညာများလည်း ထပ်မံလိုအပ်သည်။ ၎င်းအသိပညာသည်လည်း လူ့ဘဝတွင်အရေးပါသော လိုအပ်ချက်များဖြစ်သည်။ ကျန်းမာ အသက်ရှည်အောင် နေထိုင်ရမည့်နည်းလမ်း၊ လူလူချင်းပေါင်းသင်းဆက်ဆံရမည့် နည်းလမ်း၊ ပတ်ဝန်းကျင်နှင့် ရပ်ရွာအကျိုး သယ်ပိုးရမည့်နည်းလမ်း စသည့် အသိတရားများကို ကျေပွန်စွာ ရွက်ဆောင်နိုင်ပေလိမ့်မည်။

လူတစ်ဦးသည် မိမိ၏စားဝတ်နေရေး၊ မိမိအကျိုးစီးပွားမျှကိုသာ စဉ်းစားဆောင်ရွက်နေ၍ မရပေ။ လူ့ဘောင်လောကကိုလည်း အကျိုးပြုရန် လိုအပ်သည်။ အတ္တနှင့်ပရကို မျှတအောင်လုပ်ရမည်။ သို့မှသာ လူဖြစ်ရကျိုး နပ်ပေလိမ့်မည်။ လူတော်ဖြစ်သော်လည်း လူကောင်းဟု မဆိုနိုင်ပါ။ လူတစ်ယောက်သည် တော်ရုံဖြင့် ၎င်းအတွက်ရော၊ ပတ်ဝန်းကျင်နှင့် နိုင်ငံအတွက်ပါ အပြည့်အဝ အကျိုးမပြုနိုင်ပေ။ လူကောင်းတစ်ယောက်ဖြစ်မှသာ အကျိုးတရားများ ပိုမိုပွားများ နိုင်ပေသည်။

အသိပညာသည် လူ့ဘဝအတွက် တန်ဖိုးအနဂ္ဃရှိလှသည်။ မြန်မာစကားပုံတွင်လည်း **“အလိမ္မာ စာမှာရှိ”**၊ **“ပညာလို အိုသည်မရှိ”**၊ **“ဥစ္စာ ကံစောင့်”**၊ **“ပညာရှာ ပမာသူဖုန်းစား”** စသဖြင့် ပညာနှင့်ဆိုင်သော ဆိုရိုးစကားများ ရှိပြီးဖြစ်သည်။ ဗဟုသုတအသိပညာ ရှာဖွေဖတ်ရှုလေ့လာခြင်းဖြင့် လူ့ဘောင်ကောင်းကျိုး သယ်ပိုးစွမ်းဆောင်နိုင်ပေလိမ့်မည်။

ယနေ့အခါတွင် အတတ်ပညာ ပြည့်ဝသော်လည်း အသိပညာ အားနည်းသဖြင့် မှားယွင်းသော အတွေးအခေါ် အယူအဆများကြောင့် မလုပ်သင့်သည်များလုပ်မိပြီး မဖြစ်သင့်သည်များ ဖြစ်နေကြသည်ကို တွေ့မြင်ကြားသိနေရသည်။

အမျိုး ဘာသာ သာသနာကို စောင့်ရှောက်ခြင်း၊ ယဉ်ကျေးမှုဓလေ့စရိုက်ကို ထိန်းသိမ်းခြင်း၊ တိုင်းချစ်ပြည်ချစ်စိတ်၊ လူမျိုးချစ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်များကို အမျိုးသားရေးအသိဖြင့် ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ကြရမည်။ ဗဟုသုတအတွေ့အကြုံမှုရသော တွေးခေါ်မြော်မြင်မှု၊ ယုံကြည်ချက်၊ ခံယူချက်တို့ဖြင့် ပြုပြင်ကြရမည်။ လူတို့၏ ကျင့်ဝတ်သိက္ခာဆိုသည်မှာ စာပေများတွင်ရှိထားပြီးသား ဖြစ်သည်။ လေ့လာဖတ်ရှုခြင်းဖြင့် တွေးခေါ်ဆင်ခြင်နိုင်ကြမည်ဖြစ်သည်။

အေးချမ်း

မိမိတို့လူမျိုး၌ ယဉ်ကျေးမှု ဓလေ့စရိုက်ဆိုသည်မှာ ရှိပြီးသားပင်။ အရှက်အကြောက်တရားနှစ်ပါး ထိန်းသိမ်းကြရမည် ဖြစ်သည်။ သို့မှသာ မိမိဂုဏ်သိက္ခာနှင့်ကိုယ်ကျင့်တရားမြင့်မားပြီး ကျရောက်လာနိုင်မည့် အန္တရာယ်ကို ကာကွယ်တားဆီးနိုင်ကြမည်ဖြစ်သည်။ ယခုမူ အန္တရာယ်ကို လက်ယပ်ခေါ်သကဲ့သို့ ဖြစ်နေသည်။

အမျိုးဘာသာ သာသနာကို စောင့်ရှောက်ခြင်း၊ ယဉ်ကျေးမှုဓလေ့ စရိုက်ကို ထိန်းသိမ်းခြင်း၊ တိုင်းချစ်ပြည်ချစ်စိတ်၊ လူမျိုးချစ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်များကို အမျိုးသားရေးအသိဖြင့် ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ကြရမည်။ ဗဟုသုတအတွေ့အကြုံမှုရသော တွေးခေါ်မြော်မြင်မှု၊ ယုံကြည်ချက်၊ ခံယူချက်တို့ဖြင့် ပြုပြင်ကြရမည်။ လူတို့၏ ကျင့်ဝတ်သိက္ခာ ဆိုသည်မှာ စာပေများတွင် ရှိထားပြီးသားဖြစ်သည်။ လေ့လာဖတ်ရှုခြင်းဖြင့် တွေးခေါ်ဆင်ခြင်နိုင်ကြမည်ဖြစ်သည်။

မိမိတို့နိုင်ငံသည် အတိတ်ကာလတွင် သူ့ကျွန်ဘဝကျရောက်ခဲ့ရသဖြင့် အတိုင်းအတာတစ်ခုအထိ အခြားနိုင်ငံများထက် အရာရာနောက်ကျကျန်ရစ် ခဲ့ရသည်။ ကိုလိုနီနယ်ချဲ့စနစ်ဆိုး၏ဒဏ်ကြောင့် လူစွမ်း လူစတွေ ကျဆင်းပြီး မလုပ်တတ်၊ မကိုင်တတ်၊ မတွေးတတ်၊ မခေါ်တတ်ဖြစ်ကာ ဆုံးရှုံးနစ်နာမှုတွေရှိခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးကျန်ရစ်ခဲ့သည်။ ယခုအခါ နိုင်ငံတော် အစိုးရက အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းမြှင့်တင်နေသည်။ ယနေ့နိုင်ငံတော်တွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ စီးပွားရေးစသည့် ဘက်ပေါင်းစုံမှ တိုးတက်နေပြီဖြစ်သည်။ ယင်းတို့ကို ရေရှည်တည်တံ့ခိုင်မြဲရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန် ပြည်သူလူထုတစ်ရပ်လုံးအပေါ်တွင် တာဝန်ကျရောက်လျက်ရှိသည်။ ပြည်သူလူထုတစ်ရပ်လုံးက အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ်၊ စိတ်ဓာတ် စေတနာကောင်းတို့ဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရမည်ဖြစ်သည်။

ယနေ့နိုင်ငံတော်က ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် လူ့စွမ်းအားအရင်းအမြစ်များ (Human Resources) မြင့်မားစေရန် ဆောင်ရွက်ပေးလျက်ရှိရာ ဆရာဝန်ဖြစ်ရမည်လား၊ ကွန်ပျူတာ တတ်မြောက်ရမည်လား၊ အင်ဂျင်နီယာ ဖြစ်မည်လားဟု မေးစရာရှိသည်။ တစ်စိတ်တစ်ပိုင်းမျှသာ မှန်၍ ထို့ထက် အရေးကြီးသည်မှာ လူများ၏ အသိစိတ်ဓာတ် ဖြစ်သည်။ အသိတရား ခံယူချက် စိတ်ဓာတ်များ ကောင်းပါမှ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်နိုင်မည် ဖြစ်သည်။ စာတတ်ခြင်း၊ အတတ်ပညာတတ်ခြင်းတို့သာမက အသိပညာ အများကြီးလိုအပ်သည်။ အတွေးအခေါ်၊ အယူအဆ၊ ယုံကြည်ချက်တွေ ပြည့်ဝကြမှသာ စွမ်းအားပြည့်ဝလာမည်ဖြစ်သည်။ သို့မှသာ မိမိအတွက်သာမက နိုင်ငံနှင့်လူမျိုးအတွက်ပါ သယ်ပိုးနိုင်ကြပေလိမ့်မည်။

ထို့ကြောင့် **ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်နေစေရန်နှင့် အနာဂတ် နိုင်ငံတော်အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးသည် အကျင့်စာရိတ္တ၊ အတွေးအခေါ်၊ အယူအဆ၊ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံနှင့်လူမျိုးတို့ကို အကျိုးပြုလိုသည့် စိတ်ဓာတ်များ ပြည့်ဝထက်သန်နေကြရမည်ဖြစ်သည်။ ၎င်းတို့ကိုရရှိစေမည့် အသိပညာများကို လေ့လာရှာဖွေ ဖတ်ရှုမှတ်သားပြီး မိမိတို့ဘဝအတွက်သာမက နိုင်ငံနှင့်လူမျိုးအတွက်ပါ အကျိုးပြုနိုင်ကြမည့် လူကောင်းလူတော်များဖြစ်အောင် စိတ်ဓာတ်စေတနာ ကောင်းဖြင့် ကြိုးစားကျင့်ကြံသွားသင့်**ကြပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

သံဖြူဇရပ်မြို့နယ် အခြေခံပညာမူလတန်း ကျောင်းဆောင်သစ်ရေစက်ချမင်္ဂလာကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စက်သစ်ရပ်ကွက်ရှိ အခြေခံပညာ မူလတန်းကျောင်းဝင်း၌ ငွေကျပ် တစ်ရာသုံးဆယ့်တစ်သိန်း အကုန်အကျခံ တည်ဆောက်ပြီးစီးခဲ့သော အခြေခံပညာ မူလတန်းကျောင်းဆောင်သစ် ရေစက်ချမင်္ဂလာနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၆ ရက်တွင် အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ ရှေးဦးစွာ ပညာရေးဝန်ထမ်းများနှင့် အလှူရှင်တို့က ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဆိုပါ ကျောင်းဆောင်သစ် တည်ဆောက်ရာတွင် ငွေကျပ် ခြောက်ဆယ့်ခြောက်သိန်း ပါဝင်လှူဒါန်းခဲ့သော အလှူရှင် ဦးကျော်လှ-ဒေါ်ဖြူနုဝါမိသားစု (ကျော်လှရွှေဆိုင်)နှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ကျောင်းအုပ် ဆရာမကြီး ဒေါ်တင်တင်ဖြိုးက ပေးအပ်သည်။

(ဝဲပုံ)

ယင်းကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကိုကျောင်းဆောင်သစ်တည်ဆောက်ရေးကော်မတီက မြို့နယ်ပညာရေးမှူး ဒေါ်ရွှေမိထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

AIDS, TB, အခြားနာတာရှည် လူနာများနှင့် မိသားစုများအတွက် ရောဂါကာကွယ်ရေးနှင့်ပြုစုစောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့၏ AIDS, TB, အခြား နာတာရှည်လူနာများနှင့် မိသားစုများအတွက် လူမှုရေးအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်မည့် ပြည်သူလူထု အခြေပြုရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်ခြင်း အခမ်းအနားကို ဩဂုတ် ၂၀ ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကြင်မြိုင်က အမှာစကားပြောကြားပြီး နာတာရှည် လူနာများအတွက် အလှူရှင်များ ပေးအပ်သော အလှူငွေများကို လက်ခံသည်။

ထို့နောက် တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က AIDS, TB, အခြား နာတာရှည် လူနာများအတွက် လူမှုရေးအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်မည့် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်ရခြင်း အကြောင်းကို ရှင်းလင်းတင်ပြပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းအေးက မြို့နယ်အတွင်း ကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များသည် မြို့နယ်အတွင်းရှိ လူနာအိမ်များသို့ သွားရောက်၍ အစားအာဟာရများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

စိုက်ပျိုးရေးကို အလေးထား ဆောင်ရွက်ပြီး ယခင် ဝါမျိုးပြောင်းနေရာတွင် ရာနှုန်းပြည့် အစားထိုးနိုင်ရေး စီမံဆောင်ရွက်ရန် စသည်ဖြင့် ပြောကြားသည်။

ဆွေးနွေး

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်း/ခရိုင် စိုက်ပျိုးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ရှေးဦးစွာ တိုင်း/ခရိုင် စိုက်ပျိုးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်တို့ကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်ခင်ဇော်က တာဝန်ရှိသူများ အနေဖြင့် အောက်ခြေအထိ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအပေါ် စေတနာ အပြည့်အဝထားကာ အကြံပေးဆောင်ရွက်ကြရန်၊ စက်သုံးဆီဖူလုံစေရန်၊ ဇီဝဒီဇယ်အစားထိုး ခြံစည်းရိုး ကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုးသွားကြရန်၊ ဒေသအေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားကြရန်နှင့် မကွေးတိုင်းအတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာအားလုံး ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့မှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် မကွေးမြို့ မြို့တော်ခန်းမ၌ တိုင်း/ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင် များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း သာကေတမြို့နယ် ဇီနမာရ်အောင်စေတီတော် ဝတ္တကမြေအတွင်းရှိ တေဒဂ်ရ ရဟန္တာတန်ဆောင်း၌ တည်ထားကိုးကွယ်မည့် အရှင်ဝက္ကလိ ရဟန္တာမထေရ်မြတ်အတွက် သာကေတမြို့နယ် ဇမ္ဗူသီရိ အနောက်(၁)လမ်းနေ ဇီနမာရ်အောင် စေတီတော် ဂေါပကအဖွဲ့ဝင် ဦးတင်ကြည်-ဒေါ်စန်းစန်း မိသားစုက အလှူငွေကျပ် သုံးသိန်းကို ဇီနမာရ်အောင်စေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးလှထွန်း၊ ဦးငွေသန်း (အဖွဲ့ဝင်)တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်အနောက်ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန် အနောက်ပိုင်းခရိုင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၉ ရက် ညနေ ၃ နာရီက အလုံမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင်နှင့် တာဝန်ရှိသူများက (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး၊ ပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်ကြသည်။

ထို့နောက် ခရိုင်အတွင်းရေးမှူး ဦးစိုးမြင့်က ရန်ကုန်အနောက်ပိုင်းခရိုင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပါဝင်ဖျော်ဖြေခဲ့ကြသော ရွှေတံဆိပ် ၁၅ဆုရှင် ဖိုးသကြန်နှင့် အဖွဲ့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် ဥက္ကဋ္ဌ ဦးအောင်မြင်က အကဲဖြတ်ဒိုင် အဖွဲ့ဝင် အနုပညာရှင်ကြီးများအား ဂုဏ်ပြုလက်ဆောင်နှင့် ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော လသာမြို့နယ်အား ဆုချီးမြှင့်ရာ လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းက လက်ခံရယူသည်။**(အောက်ပုံ)**

(ခရိုင်ပြန်/ဆက်)

ဂန့်ဂေါခရိုင် ပြန်/ဆက်ဝန်ထမ်းများ စာဖတ်ဝိုင်းကျင်းပ

ဂန့်ဂေါ ဩဂုတ် ၂၂

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတွင် ဇူလိုင် ၃၁ ရက်က ဝန်ထမ်းများ၏ စာဖတ်ဝိုင်း ကျင်းပသည်။

စာဖတ်ဝိုင်းတွင် နေ့စဉ်ထုတ် သတင်းစာများတွင် ဖော်ပြပါရှိသည့် တက္ကသိုလ်မြတ်သူ၏ မြန်မာတို့ရဲ့ အမျိုးသားရေးစိတ်ဓာတ်ကို “နှံ့” နိုင်စွမ်းမရှိတဲ့ ကိုလိုနီစော်နံ မီဒီယာများ ဆောင်းပါး(၁)နှင့် (၂)ကို ဓာတ်ပုံကျွမ်းကျင်(၂) ဦးကျော်သန်းဆွေနှင့် ရုပ်သံကျွမ်းကျင်(၃) (အင်အားပြ) ဒေါ်ယဉ်ယဉ်အေးတို့က ဖတ်ကြားသည်။

ထို့နောက် ဦးစီးအရာရှိ ဦးမြင့်အေးက ပြန်လည်သုံးသပ် ဆွေးနွေးခဲ့ကြောင်း သိရသည်။ (၄၆၅)

▲ **အကောင်းဘက်မှ**

သို့ပါသော်ငြားလည်း သုတေသနပညာရှင်များက အမျိုးသမီးများသည် ၎င်းတို့၏ဆေးစစ်ချက်ကို ရရှိပြီးသည့်နောက် ပြဿနာနှင့် ကြုံတွေ့ရသည်ကိုတော့ ဝန်ခံကြသည်။ ယင်းအချက်သည် ၎င်းတို့၏ ဘဝအမြင်ကို အနှစ်သာရရှိရှိ ပြောင်းလဲသွားစေနိုင်သည်။

ကျွမ်းကျင်သူများက အမျိုးသမီးများအကြား တစ်ဦးချင်း၏ စိတ်ပိုင်းဆိုင်ရာ ဖိအားများမှုတို့ကို နှိုင်းယှဉ်ရန် မလွယ်ကူကြောင်း ပြောသည်။

ကင်ဆာရောဂါအပေါ်တွင် စိတ်ပိုင်းဆိုင်ရာအမြင်၏ အခန်းကဏ္ဍမှာ ရှုပ်ထွေးလျက်ရှိသည်။ အချို့သောလေ့လာသူများကမူ စိတ်ပိုင်းဆိုင်ရာ အမြင်သည် အဓိကအခန်းကဏ္ဍဖြစ်သည်ဟု ဆိုကြသည်။

ရင်သားကင်ဆာ ခံစားနေရသော အမျိုးသမီး ၂၅၅ဦးနှင့် ကျန်းမာရေးကောင်းမွန်သော အမျိုးသမီး ၃၆၇ဦး တို့အား ၎င်းတို့၏ လူနေမှုဘဝနှင့် စိတ်ပိုင်းဆိုင်ရာ အမြင်တို့အပေါ် မေးခွန်းများမေးမြန်း၍ ၎င်းတို့၏ အဖြေများကို နှိုင်းယှဉ်စစ်ဆေးကြည့်ရှုသော နောက်ဆုံးသုတေသနတစ်ရပ်ကို လုပ်ခဲ့ကြသည်။

အများအားဖြင့် အပြုသဘောဆောင်သည့်အမြင်ရှိသောအမျိုးသမီးများသည် ရင်သားကင်ဆာဖြစ်ရန် အခြေအနေ လေးပုံတစ်ပုံလျော့နည်းဖွယ်ရှိသည်ကို ၎င်းသုတေသနပညာရှင်တို့ တွေ့ရှိကြသည်။

ထပ်မံဖော်ပြရလျှင် မိဘနှစ်ပါးဆုံးပါးသွားခြင်း၊ ခင်ပွန်းသည် ကွယ်လွန်သွားခြင်းစသည့် ပူဆွေးသောကရောက်စေသည့်ကြေကွဲဖွယ်ရာ အဖြစ်ဆိုးများ တစ်ခုသို့မဟုတ် တစ်ခုထက်ပိုပြီး ကြုံတွေ့လာရသောအခါ ရောဂါဖြစ်ပွားခြင်းကို ရာခိုင်နှုန်း ၆၀ကျော်တိုးစေသည်။ အစ္စရေးနိုင်ငံ ဗင်ဂူရင်တက္ကသိုလ်မှဦးဆောင်သူ သုတေသနပညာရှင် ဒေါက်တာရိုနစ်ပီးလက်က “ဘဝမှာ အဖြစ်ဆိုးတွေနဲ့ ကြုံတွေ့ရသော အမျိုးသမီးများကို ရင်သားကင်ဆာဖြစ်ဖွယ်ရှိသော အုပ်စုထဲမှာ ထည့်သွင်းစဉ်းစားရမှာဖြစ်ကြောင်း” ပြောသည်။

“ကျွန်တော် သေသေချာချာ ဂရုတစိုက်ပြောတာပါ၊ ဘဝမှာ ဆိုးရွားတဲ့ အဖြစ်တွေ တစ်ခု ဒါမှမဟုတ် တစ်ခုထက်ပိုပြီး တွေ့ကြုံခဲ့ရရင် ဒါဟာ ငယ်ရွယ်တဲ့ မိန်းကလေးအတွက် ရင်သားကင်ဆာဖြစ်ရန် အကြောင်းတစ်ရပ်ပါပဲ။

“တခြားတစ်ဖက်က ကြည့်ရင်တော့ ဘဝကိုပျော်ပျော်ရွှင်ရွှင်နဲ့ နေထိုင်၊ ပြီးတော့ အကောင်းဘက်ကပဲမြင်၊ အကောင်းဘက်ကပဲတွေးရင် ကင်ဆာဖြစ်ဖို့ ကာကွယ်ပြီးသားပေါ့”

သို့သော် ဒေါက်တာ ဘာရက်ကန့်က ဘဝမှာ ဆိုးရွားသောအဖြစ်များနှင့်ပင် ကြုံခဲ့ဆုံခဲ့၊ ကြည်နူးဖွယ်အဖြစ်များနှင့်ပင်ကြုံခဲ့ဆုံခဲ့ ရင်သားကင်ဆာဖြစ်ပေါ်မှုအပေါ်မှာ အကျိုးသက်ရောက်မှုမရှိဟု ဆိုသည်။

“စိတ်ပိုင်းဆိုင်ရာ ဖိအားတွေများတယ်ဆိုတာ စိတ်ထဲမှာပဲ ဖြစ်နေတာ၊ တိတိကျကျတိုင်းထွာနိုင်ဖို့ ခက်ခဲလှပါတယ်။

“ဒီသုတေသန ပညာရှင်များဟာ ရင်သားကင်ဆာအပေါ် အကျိုးသက်ရောက်နိုင်တဲ့ အခြားအချက်များ၊ ဥပမာ မိသားစု ရာဇဝင် သို့မဟုတ် ခန္ဓာကိုယ်အလေးချိန် စတာတွေကို မဖော်ပြနိုင်ပါဘူး”။

“ရင်သားကင်ဆာဆိုတာ ရှုပ်ထွေးနက်နဲတဲ့ ရောဂါတစ်ခုပါ၊ အကြောင်းအချက်တစ်ခုတည်းနဲ့တော့ ရောဂါဖြစ်တာမဟုတ်နိုင်ပါဘူး” ဟူ၍၎င်းက ဆက်လက်ပြောကြားသည်။

အင်တာနက်။

ရင်ခုန်နှင်းဆီ တစ်ကျော့ပြန် ရုံတင်

ရန်ကုန် ဩဂုတ် ၂၂

ယခု သောကြာပတ် ဩဂုတ် ၂၂ ရက်တွင် မြန်မာဇာတ်ကားသစ် ရုံမဝင်ဘဲ ရုံတင်ပြသခဲ့သည့် **“ရင်ခုန်နှင်းဆီ”** ဇာတ်ကားသာ မြို့လယ်၊ ဝဇီရာရုံ၊ စံပြရုံ၊ ရွှေမန်းရုံနှင့် သီတာရုံတို့တွင် တစ်ကျော့ပြန် ပြန်လည် ပြသပြီး ကျန်မြို့လယ်ရုံများတွင် နိုင်ငံခြားရုပ်ရှင် ဇာတ်ကားများသာ ပြသသည်။

သမ္မတရုံ

လင်းနို့ လူသားဇာတ်လမ်းတွဲမှ သမ္မတရုံတွင် တင်ဆက်သည့် THE DARK KNIGHT ဇာတ်လမ်းမှာ နာမည်ကြီးလာသော လင်းနို့လူသား၏ဂုဏ်သတင်းကြောင့်လင်းနို့လူသား အတုများအကြောင်းကို ဇာတ်လမ်းဆင်ရိုက်ကူးထားသည်။ အထူးသဖြင့် ၎င်းဇာတ်လမ်းတွင် မာဖီးယား မူးယစ်ဂိုဏ်းက လင်းနို့လူသားအား သတ်ဖြတ်ရန်အတွက် လူဆိုးများ ငှားရမ်း၍ ကြံစည်ပုံတို့ကို သည်းထိတ်ရင်ဖို ရိုက်ကူးထားသည့် လှုပ်ရှားမှု အသားပေး ဇာတ်ကားတစ်ကားဖြစ်သည်။

အေဒီကိုးရာစု တရုတ်နိုင်ငံတွင် တန်မင်းဆက် အုပ်စိုးစဉ်ကာလကို အခြေခံနောက်ခံထား ရိုက်ကူးထားသော ကွန်ဖူးနှင့် ဓားသိုင်းပညာ အသားပေး ဇာတ်ကားဖြစ်သည့် House of the Flying Dagger ဇာတ်ကား မင်္ဂလာရုံ၌ ပြသသည်။ နာမည်ကြီး တရုတ်ဒါရိုက်တာကြီးဖြစ်သည့် ဇန်ယီမူးက ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ကိုယ်တိုင်ရေးသားရိုက်ကူးခဲ့သည့် ဂန္ထဝင်မြောက် တရုတ်နန်းတွင်း ရာဇဝင်ဇာတ်ကားဖြစ်သည်။

တစ်ကျော့ပြန် ရုံဝင်လာသည့် ရင်ခုန်နှင်းဆီ ဇာတ်ကားမှ စိုင်းစိုင်းခမ်းလှိုင်နှင့် သက်မွန်မြင့်။

နေပြည်တော်ရုံတွင် သရုပ်ဆောင် ဝီလ်စမစ်ပါဝင်သည့်HANCOCK စူပါမင်းဇာတ်ကား ပြသပြီး ရွှေ့ဆောင်ရုံတွင် ဂါမာရောင်ခြည်သင့်မှုကြောင့် ခန္ဓာကိုယ် မတန်တဆ ထွားကြိုင်းလာသူ သိပ္ပံပညာရှင် တစ်ဦး၏ဘဝကို ဇာတ်လမ်းဆင် ရိုက်ကူးထားသည့် THE INCREDIBLE HULK ဇာတ်ကြမ်းကား ပြသသည်။

အိန္ဒိယရုပ်ရှင်

သွင်ရုံတွင် အမီတာဘဂျန်းနှင့် ပရီရန်ကာချိုပရားတို့ ပါဝင်သည့် အင်္ဂလိပ်စာတန်းထိုး အိန္ဒိယအချစ်ဟာသဇာတ်ကား GOD TUSSI GREAT HO ဇာတ်ကားပြသပြီး မြို့မရုံတွင် မင်းသားချော အာမီခန်းနှင့် ဖိုင်ဇယ်ခန်းတို့ ပါဝင်သည့် ME LA ဇာတ်ကား၊ ဆုထူးပန်ရုံတွင် စူးနီးရှက်တီးနှင့် ဆန်ဂျေးဒတ်တို့ ပါဝင်သရုပ်ဆောင်ထားသည့် ANNARTH ဇာတ်ကားနှင့် ဘုရင့်ရုံတွင် မြန်မာနိုင်ငံ၌ ပထမဆုံးပြသမည့် အိန္ဒိယဇာတ်ကားသစ် NA TUN JAANO NA HUM ဇာတ်ကားများ ပြသသည်။ (ကြေးမုံ)

ဒေးဒရဲမြို့နယ် လေဘေးသင့်ရေလုပ်သားများအား ရေလုပ်ငန်းသုံးပစ္စည်းများ ဖြန့်ဝေ

ရန်ကုန် ဩဂုတ် ၂၂

လေဘေးသင့်ရေလုပ်သားများအား ရေလုပ်ငန်းသုံးပစ္စည်းများ လက်ဝယ်အရောက်ပေးအပ်ခြင်း အခမ်းအနားကို ဩဂုတ် ၁၈ရက်တွင် ဒေးဒရဲမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းထိုက်တို့က ရေလုပ်သားများအား စက်တပ်လှေအစင်း ၂၉၀၊ ငါးဖမ်းကိရိယာများဖြစ်သော ဘဝင်းပိုက်၊ ငါးသလောက်ပိုက်၊ သုံးထပ်ပိုက်၊ ကွင်းတားပိုက်၊ ရင်တွန်းပိုက်၊ ငါးမုတ်ပိုက်၊ ကွန်ပိုက်နှင့် ဘော့သီးအပါအဝင် ငါးဖမ်းပိုက်စုစုပေါင်း ၂၇၀၀တို့ကို ဒေသခံရေလုပ်သားများထံ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့သည်။

ဒေးဒရဲမြို့နယ်အတွင်းရှိ လေဘေးသင့်ရေလုပ်သားများအား ယနေ့အထိရေလုပ်ငန်းသုံးပစ္စည်းများဖြန့်ဝေပေးမှုမှာ စက်တပ်လှေ ၄၃၄စင်း၊ ငါးဖမ်းပိုက်မျိုးစုံ ၆၃၉၉ ခုတို့ကို ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ ပေါ်တော်မူစေတီတော်မြတ်ကြီး ဘက်စုံအလှူငွေအဖြစ်ငွေကျပ်တစ်သိန်းငါးသောင်းကိုဒေါ်သိန်းသိန်းမြင့် မိသားစုက လှူဒါန်းရာဂေါပကအဖွဲ့နာယကဦးစန်းမြင့်၊ အဖွဲ့ဝင် ဦးကျော်အောင်နှင့် တွဲဖက်အတွင်းရေးမှူး ဦးဝင်းစိန်တို့က လက်ခံရယူစဉ်။

(၅၄၂)

မော်လမြိုင်မြို့ (၁၂၃)ကြိမ်မြောက် ဆေးပဋ္ဌာန်းလှူဒါန်းပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၂

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမိုင်းဝင်ဆံတော်ရှင် ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ ပရဝဏ်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၁၂၃) ကြိမ်မြောက် ဆေးပဋ္ဌာန်းလှူဒါန်းပွဲ စည်ကား သိုက်မြိုက်စွာကျင်းပရေးနှင့် လုပ်ငန်းဆပ်ကော်မတီများအား တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၈ရက်တွင် အဆိုပါစေတီတော်မြတ်ကြီး၌ ကျင်းပရာ ဆေးပဋ္ဌာန်းလှူဒါန်းပူဇော်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင်က ယခုနှစ်ကျင်းပမည့် ဆေးပဋ္ဌာန်းလှူဒါန်းပွဲသည် နှစ်ပေါင်း ၁၀၀ကျော် မှစတင်၍ ရိုးရာမပျက် နှစ်စဉ်ကျင်းပလျက်ရှိပြီး ယခုနှစ် ဩဂုတ် ၃၀ရက် (ဝါခေါင်လကွယ်နေ့)တွင် ကျင်းပမည်ဖြစ်ပြီး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၁၀၈ကျောင်းနှင့် သီလရှင် ကျောင်းသုံးကျောင်းတို့မှ သံဃာတော်နှင့် သီလရှင်အပါး ၇၀၀၀ကျော်တို့အတွက် ဆေးပစ္စည်းမျိုးစုံ ဆက်ကပ်လှူဒါန်းသွားမည် ဖြစ်ကြောင်းပြောကြားကာ ဆရာတော်၊ သံဃာတော်များအား ပင့်ဆောင်ကြိုဆိုရေး၊ ကျောင်းအသီးသီးသို့ ပင့်စာပေးပို့ရေး၊ လှူဒါန်းသည့် ဆေးဝါးများကို လက်ခံရယူ၍ စနစ်တကျသိမ်းဆည်းထားရှိရေး၊ ဘုရားရင်ပြင် သန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ထားရှိရေးတို့နှင့် စပ်လျဉ်း၍ ကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးတို့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်။

အလှူရှင်များ၊ အသင်းအဖွဲ့များနှင့် ဆေးတိုက်ပိုင်ရှင်များ အနေဖြင့် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အနောက်ဘက်စောင်းတန်း အောက်ပစ္စယာရှိ မော်လမြိုင်မြို့နယ်အသင်း (ရန်ကုန်) ဖုန်း-၀၁-၂၅၆၁၅၇၊ ဒေါ်ပြုံးပပဝင်း ဖုန်း-၀၂-၆၄၃၅၀ ၊ ၀၉-၂၀၁၀၅၄၂ (လူပုံတံဆိပ် ရွှေဆိုင်းတိုက် ၁၀၈-၇၈လမ်း၊ ၁၃၅/၁၃၆ လမ်းကြားမျက်ပါးရပ် မန္တလေးမြို့)၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း ဖုန်း-၀၁-၇၂၈၂၃၇၊ ကျိုက်သုတ်စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင် ဖုန်း-၀၅၇-၂၅၅၃၁၊ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော် ဖုန်း-၀၅၇-၂၅၅၉၂ နှင့် အတွင်းရေးမှူး ဦးမျိုးခိုင် ဖုန်း-၀၅၇-၂၄၆၉၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

အင်အား ၅ ဒသမ ၆ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်

ရန်ကုန် ဩဂုတ် ၂၂

ဩဂုတ် ၂၂ရက် မြန်မာစံတော်ချိန် ၁၈နာရီ၄၁မိနစ် ၀၀ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ မြောက်ဘက် မိုင် ၅၅၀ ခန့် ကွာဝေးသောနေရာ မြန်မာနိုင်ငံပြည်ပ (တရုတ်-မြန်မာနယ်စပ်)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၆ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟုတိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်း ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ဩဂုတ် ၂၂ရက်က ရန်ကုန်မြို့ တာမွေမြို့နယ်နေ ဦးလှဝင်း-ဒေါ်ရင်ရင်နွဲ့၊ သားမောင်သန်းနိုင်ဝင်း မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဘညဏ် လက်ခံစဉ်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း လမ်းစည်းကမ်းမြှင့်တင်ရေး အသိပညာပေးပြပွဲ၊ ပြိုင်ပွဲများကျင်းပမည်
ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာ၊ ဒစ်ဂျစ်တယ်ပိုစတာ၊ ဓာတ်ပုံ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် စာတမ်းဖတ်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပမည့် စတုတ္ထအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမြှင့်တင်ရေး အသိပညာပေးပြပွဲ၊ပြိုင်ပွဲကို ၂၀၀၈ခုနှစ် နိုဝင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပရန် စီစဉ်လျက်ရှိသည်။

အဆိုပါပြပွဲ၊ပြိုင်ပွဲတွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အလွတ်တန်းဆောင်းပါး၊ ဝတ္ထုတို၊ ကာတွန်း၊ ပိုစတာ၊ ဒစ်ဂျစ်တယ်ပိုစတာနှင့်ဓာတ်ပုံပြိုင်ပွဲအတွက် ဦးတည်ချက်များအဖြစ် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဦးတည်ရန်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးဦးတည်ရန်၊ ယာဉ်စည်းကမ်းကို ယာဉ်မောင်းအပြင် ခြေကျင်သွားသူများကိုပါ လိုက်နာစေရေးဦးတည်ရန်၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းပညာပေး ဦးတည်ရန် တို့ဖြစ်သည်။

ပြိုင်ပွဲခေါင်းစဉ်

ဆောင်းပါးပြိုင်ပွဲအတွက် **"ယာဉ်အန္တရာယ်ကင်းစေဖို့ လူတိုင်းကိုယ်စီပူးပေါင်းစို့"**ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဝတ္ထုတိုပြိုင်ပွဲအတွက် **"စံပြယာဉ်မောင်း၊ ပြည်သူ့သားကောင်း"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကာတွန်းပြိုင်ပွဲအတွက် **"အန္တရာယ်ကင်းစင်ကျောင်းဝန်းကျင်"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပိုစတာပြိုင်ပွဲအတွက် **"လူ-လမ်း-ယာဉ်၊ စည်းကမ်းယှဉ် ကင်းစင်လမ်း အန္တရာယ်"**ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲအတွက် **"စည်းကမ်းကျန လိုရာရောက်၊ စည်းကမ်းဖောက်က ဘဝပျောက်"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဓာတ်ပုံပြိုင်ပွဲအတွက် **"အန္တရာယ်ကင်းသည့် ပို့ဆောင်ရေးဆီသို့"** ခေါင်းစဉ်ဖြင့်လည်းကောင်း ရေးသားနိုင်သည်။

ကာတွန်းနှင့် ပိုစတာပြိုင်ပွဲ

ကာတွန်းနှင့် ပိုစတာပြိုင်ပွဲအတွက် ပုံများကို ၁၅လက်မ×၂၀လက်မ အရွယ်အစားနှစ်သက်ရာစက္ကူဆေးရေးနည်းတို့ဖြင့် အကန့်အသတ်မရှိ ထုတ်ဖော်ရေးဆွဲနိုင်ပြီး ရေးဆွဲသူ၏ လက်မှတ်ကို ပြိုင်ပွဲဝင်ပုံ၏ နောက်ကျောတွင်ရေးထိုးရမည်။ ပုံ၏အောက်ခြေတွင် လက်မှတ်ရေးထိုးခြင်းမပြုရ။ ဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲအတွက် သင့်လျော်သည့်ကွန်ပျူတာဖြင့် ရေးဆွဲ၍ ပိုစတာပန်းချီများကို Floopy Disc (သို့မဟုတ်) Compact Disc (CD-Rom) တို့ဖြင့် သိမ်းဆည်းပြီး လိုအပ်သော အချက်အလက်များ ပြည့်စုံစွာဖြင့် ပေးပို့ရမည်ဖြစ်သည်။

ဓာတ်ပုံပြိုင်ပွဲ

ဓာတ်ပုံပြိုင်ပွဲအတွက် ပုံများကို အစက်အပြောက်ဖာထေးခြင်းမှအပ အခြားပြုပြင်ခြင်း၊ ဖန်တီးခြင်း၊ ဒစ်ဂျစ်တယ်နည်းဖြင့် ပြုပြင်ခြင်းများ မပြုလုပ်ရ။ ပုံနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက သက်ဆိုင်ရာပြိုင်ပွဲဝင်သူ၏ တာဝန်သာဖြစ်သည်။ မည်သည့်ကင်မရာ အမျိုးအစားနှင့် မဆို ရိုက်ကူးတင်သွင်းနိုင်သည်။ သို့သော် ဒစ်ဂျစ်တယ်ကင်မရာဖြင့် ရိုက်ကူးပါက အရောင်နှင့် Contrast ပြုပြင်ခြင်းမှအပ မည်သည့်ပြုပြင်မှုမျိုးမှ မပြုလုပ်ရ။ ဆုရလျှင် Original File Info. တင်ပြနိုင်ရမည်။ ပြိုင်ပွဲဝင်ပုံများကို ပြန်ပေးမည်မဟုတ်ဘဲ ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းကိစ္စများတွင် အသုံးပြုမည်ဖြစ်သည်။ ထို့သို့အသုံးပြုရာတွင် သက်ဆိုင်ရာဓာတ်ပုံဆုရှင်၏ အမည်ကို ဖော်ပြပေးမည်ဖြစ်သည်။ ဆုရရှိသူများကို သတင်းစာမှ တစ်ဆင့် ကြော်ငြာပေးမည်ဖြစ်ပြီး (၇)ရက်အတွင်း ဆုရရှိသူများ၏ နဂတစ်(သို့)ဆလိုက်(သို့) ဒစ်ဂျစ်တယ် ကင်မရာဖြင့် ရိုက်ကူးထားသော ပုံဖြစ်ပါက Resolution 300dpi နှင့် ၈လက်မ×၁၀လက်မ အရွယ်ရှိသော Original Tiff File ကို CD ဖြင့် ထည့်သွင်းပေးပို့ရမည်ဖြစ်သည်။ သတ်မှတ်ရက်အတွင်းပေးပို့ခြင်းမရှိသောပုံများကို ဆုရစာရင်းမှ ပယ်ဖျက်၍ အောက်မှပုံများကို အစဉ်အတိုင်းအစားထိုးမည်ဖြစ်သည်။ အဆိုပါ ဆုရပုံများကို ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက မူပိုင်အဖြစ် လိုအပ်သလို အသုံးပြုမည်ဖြစ်သည်။ယခင်ပြိုင်ပွဲများတွင် ဆုရရှိပြီးသောပုံများကို တင်သွင်းယှဉ်ပြိုင်ခြင်းမပြုရ၊ ပြိုင်ပွဲဝင်ဓာတ်ပုံ အရွယ်အစားမှာ ၁၀လက်မ×၁၄လက်မ (ဆေးရောင်စုံဓာတ်ပုံ)ဖြစ်သည်။

ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ

ယခုနှစ်တွင်လည်း ရန်ကုန်တိုင်းအတွင်းရှိ မူလတန်း၊အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့်ပတ်သက်၍ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကိုပါ ကျင်းပ သွားမည်ဖြစ်သည်။

ခရိုင်အဆင့်ပြိုင်ပွဲကို စက်တင်ဘာလ ပထမပတ်တွင် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ကျောင်းများတွင်ထုတ်ပေးထားသော "စည်းကမ်းလိုက်နာ ဘေးကင်းကွာ" ရုပ်ပြစာအုပ်နှင့် နေ့စဉ်ထုတ်သတင်းစာများမှ ထုတ်ပြန်ခဲ့သော ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာ၊စာစီစာကုံးများနှင့် ကြေညာချက်များအား မေးမြန်းမည်ဖြစ်သည်။ ဗဟိုအဆင့်ပြိုင်ပွဲအား စက်တင်ဘာလ ဒုတိယအပတ်တွင် အပြီးယှဉ်ပြိုင်မည်ဖြစ်သည်။

စာစီစာကုံးပြိုင်ပွဲ

စာစီစာကုံးပြိုင်ပွဲကို အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ အထက်တန်း ကျောင်းသား၊ ကျောင်းသူများဖြင့်သာ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်ခေါင်းစဉ်များကို ကြိုတင်သတ်မှတ်ထားခြင်းမရှိဘဲ ပြိုင်ပွဲကျင်းပမှသာ သတ်မှတ်ပေးမည်ဖြစ်သည်။ ယှဉ်ပြိုင်ခြင်း၊ ရွေးချယ်ခြင်းတို့ကို အမှတ်(၃) အခြေခံပညာဦးစီးဌာနမှသာ ဆောင်ရွက်ပြီး ပထမ၊ ဒုတိယ၊ တတိယရရှိသူ သုံးဦးနှင့် နှစ်သိမ့်ဆုရရှိသူ နှစ်ဦး၏အမည်စာရင်းအား ဆုချီးမြှင့်ရေးဆပ်ကော်မတီသို့ အောက်တိုဘာလ ဒုတိယပတ်အတွင်း ပေးပို့ရန်ဖြစ်သည်။

စာမူများကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ ရှင်းလင်းပီသသည့် လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့် မိတ္တူတစ်စောင် တင်သွင်းရမည်။ စာလုံးရေသတ်မှတ်ချက်မှာ(၅၀၀၀)မှ(၁၀၀၀၀)အတွင်းဖြစ်ပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် ဝတ္ထုတိုတစ်ပုဒ်နှင့် ဆောင်းပါးတစ်ပုဒ် ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲအားလုံးအတွက် ပြိုင်ပွဲဝင်သူ၏ ပတ်(စ်)ပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ အမည်စာရင်း၊ ကလောင်အမည်၊ မိဘအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းချုပ်ဖော်ပြပြီး ပင်ကိုရေးဖြစ်ကြောင်းနှင့် ပုံနှိပ်ဖော်ပြခြင်းမရှိခဲ့ဖူးကြောင်း ဝန်ခံချက်ပါရှိရမည် ဖြစ်သည်။

ပေးပို့ရန်

ပြိုင်ပွဲဝင်ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်းနှင့် ပိုစတာများကို ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး၊ (၅၁)လမ်း၊ ပုဇွန်တောင်မြို့နယ် ဖုန်း-၂၉၈၆၅၁သို့လည်းကောင်း၊ ပြိုင်ပွဲဝင်ဒစ်ဂျစ်တယ်ပိုစတာပုံများကို ဦးတင်ဝင်း၊ကွန်ပျူတာတက္ကသိုလ် (လှိုင်နယ်မြေ) ဖုန်း-၆၆၄၂၅၄၊ ၆၁၀၆၂၂ (လိုင်းခွဲ ၂၀၆) သို့လည်းကောင်း၊ ဓာတ်ပုံများကို မြန်မာနိုင်ငံဓာတ်ပုံအသင်း အမှတ်(၂၇/၂၉)၊ (၃၅) လမ်းအောက်၊ ပထမထပ်၊ ကျောက်တံတား မြို့နယ်၊ ဖုန်း-၃၇၃၁၆၇ သို့လည်းကောင်း ပေးပို့ရမည်ဖြစ်သည်။

ထိုက်ထိုက်တန်တန်ဆုချီးမြှင့်မည်

ပြိုင်ပွဲဝင်ဓာတ်ပုံများ၊ ပိုစတာများ၊ ကာတွန်းများအားလုံးနှင့် စာမူများကို ၂၀၀၈ခုနှစ် အောက်တိုဘာ ၁၀ရက် ညနေ၃နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်သည့် စာမူနှင့်ပုံများကို ရွေးချယ်ခံရသည်ဖြစ်စေ၊ ရွေးချယ်မခံရသည်ဖြစ်စေ ပြန်လည် ပေးပို့မည်မဟုတ်ကြောင်းနှင့် ဆုရရှိသူများအား ထိုက်ထိုက် တန်တန်ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲ ရလဒ်များ

၂၀၀၈ ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲများကို ယနေ့ ဆက်လက်ကျင်းပရာ ထွက်ပေါ်လာသော ရလဒ်များမှာ-

အမျိုးသမီး ၄×၁၀၀ မီတာ လက်ဆင့်ကမ်း ဗိုလ်လုပွဲ

ရွှေ - ရုရှား (၄၂ ဒသမ ၃၂ စက္ကန့်)
ငွေ - ဘယ်လ်ဂျီယံ (၄၂ ဒသမ ၅၄ စက္ကန့်)
ကြေး - နိုင်ဂျီးရီးယား (၄၃ ဒသမ ၀၄ စက္ကန့်)

အမျိုးသမီး မီတာ ၁၀၀ လေးယောက် လက်ဆင့်ကမ်း ပြိုင်ပွဲတွင် အောင်ပန်းဆင်ခဲ့သောရုရှားအဖွဲ့မှ ယူလီယာ ဂျာမိုရှန် စကာယာ အောင်ပွဲခံနေစဉ်။ *(အင်တာနက်)*

အမျိုးသား ၅၀ ကီလိုမီတာ လမ်းလျှောက် ဗိုလ်လုပွဲ

ရွှေ - အဲလက်စ် ရှပ်ဝါဇာ (အီတလီ) ၃ နာရီ ၃၇ မိနစ် ၉ စက္ကန့်
ငွေ - ဂျာရက်တောလင့် (ဩစတြေးလျ) ၃နာရီ ၃၉မိနစ် ၂၇စက္ကန့်
ကြေး - ဒင်းနစ်နိုင်ဇီဂိုဂိုဒေါဗ် (ရုရှား) ၃နာရီ ၄၀မိနစ် ၁၄စက္ကန့်

ကနူးလှေ-အမျိုးသား (ကာရပ် ကေ၄) မီတာ ၁၀၀၀ ဗိုလ်လုပွဲ

ရွှေ - ဘီလာရုစ် (၂ မိနစ် ၅၅ ဒသမ ၇၁၄ စက္ကန့်)
ငွေ - စလိုဗားကီးယား (၂ မိနစ် ၅၆ ဒသမ ၅၉၃ စက္ကန့်)
ကြေး - ဂျာမနီ (၂မိနစ် ၅၆ ဒသမ ၆၇၆ စက္ကန့်)

ကနူးလှေ- အမျိုးသားနှစ်ယောက်တွဲ (စီ-၂) မီတာ ၁၀၀၀ ဗိုလ်လုပွဲ

ရွှေ - ဘယ်လ်ဂျီယံ (၃ မိနစ် ၃၆ ဒသမ ၃၆၅ စက္ကန့်)
ငွေ - ဂျာမနီ (၃ မိနစ် ၃၆ ဒသမ ၅၅၈ စက္ကန့်)
ကြေး - ဟန်ဂေရီ (၃ မိနစ် ၄၀ ဒသမ ၂၅၈ စက္ကန့်)

ကနူးလှေ-အမျိုးသမီး (ကာရပ် ကေ ၄) မီတာ ၅၀၀ ဗိုလ်လုပွဲ

ရွှေ - ဂျာမနီ (၁ မိနစ် ၃၂ ဒသမ ၂၃၁ စက္ကန့်)
ငွေ - ဟန်ဂေရီ (၁ မိနစ် ၃၂ ဒသမ ၉၇၁ စက္ကန့်)
ကြေး - ဩစတြေးလျ (၁ မိနစ် ၃၄ ဒသမ ၇၀၄ စက္ကန့်)

ကနူးလှေ-အမျိုးသား (ကာရပ် ကေ၂) မီတာ ၁၀၀၀ ဗိုလ်လုပွဲ

ရွှေ - ဂျာမနီ (၃ မိနစ် ၁၁ ဒသမ ၈၀၉ စက္ကန့်)
ငွေ - ဒိန်းမတ် (၃ မိနစ် ၁၃ ဒသမ ၅၈၀ စက္ကန့်)
ကြေး -အီတလီ (၃ မိနစ် ၁၄ ဒသမ ၇၅၀ စက္ကန့်)

ကနူးလှေ-အမျိုးသား (ကေ ၁ ကာရပ်)တစ်ဦးချင်း မီတာ ၁၀၀၀ဗိုလ်လုပွဲ

ရွှေ - တင်ဗဘာဗန့် (ဗြိတိန်)
(၃ မိနစ် ၂၆ ဒသမ ၃၂၃ စက္ကန့်)
ငွေ - အီရစ် ဖီရမ်ပ် (နော်ဝေ)
(၃ မိနစ် ၂၇ ဒသမ ၃၄၂ စက္ကန့်)
ကြေး - ကင်းဝေါလ်လေ့စ်(ဩစတြေးလျ)
(၃ မိနစ် ၂၇ ဒသမ ၄၈၅ စက္ကန့်)

ကနူးလှေ - အမျိုးသား (စီ-၁) တစ်ဦးချင်း မီတာ ၁၀၀၀ ဗိုလ်လုပွဲ

ရွှေ - အက်တီလာစန်ဒါဗတ်ဂျ်ဒါ (ဟန်ဂေရီ)
(၃ မိနစ် ၅၀ ဒသမ ၄၆၇ စက္ကန့်)
ငွေ - ဒေးဗစ်ကာလ် (စပိန်)
(၃ မိနစ် ၅၂ ဒသမ ၇၅၁ စက္ကန့်)
ကြေး - သောမတ်စ်ဟော (ကနေဒါ)
(၃ မိနစ် ၅၃ ဒသမ ၆၅၃ စက္ကန့်)

စက်ဘီး-အမျိုးသား BMX ဗိုလ်လုပွဲ

ရွှေ - မာရစ်စတောင်းဘတ်ဂျ် (လစ်သူယေးနီးယား)
(၃၆ ဒသမ ၁၉၀ စက္ကန့်)
ငွေ - မိုက်ဒေး (အမေရိကန်)
(၃၆ ဒသမ ၆၀၆ စက္ကန့်)
ကြေး - ဒိုနီရိုဘင်ဆန် (အမေရိကန်)
(၃၆ ဒသမ ၉၇၂ စက္ကန့်)

စက်ဘီး - အမျိုးသမီး BMX ဗိုလ်လုပွဲ

ရွှေ - အန်းကရိုးလင်း ချော့ဆန် (ပြင်သစ်) ၃၅ဒသမ ၉၇၆စက္ကန့်
ငွေ - လက်တိတီးယားလီကော်ဂီလီ(ပြင်သစ်) ၃၈ဒသမ ၀၄၂စက္ကန့်
ကြေး - ဂျေလ်ကင်တာ (အမေရိကန်) ၃၈ဒသမ ၆၇၄စက္ကန့်

အမျိုးသားဘောလုံး တတိယနေရာလုပွဲ

ဘရာဇီး ၃-၀ ဘယ်လ်ဂျီယံ

အမျိုးသမီး မော်ဒန်ပင်သလွန် ဗိုလ်လုပွဲ

ရွှေ - လီနာရှွန်ဘွန်း (ဂျာမနီ) ၅၇၉၂ မှတ်
ငွေ - ဟီတာဖီးလ် (ဗြိတိန်) ၅၇၅၂ မှတ်
ကြေး - ဗစ်တိုးရီးယားတီရက်စ်ချောက် (ယူကရိန်း) ၅၆၇၂ မှတ်

လီနာရှွန်ဘွန်း (ဂျာမနီ) မော်ဒန် ပင်သလွန် ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုယူပြီး တွေ့ရစဉ်။ *(အင်တာနက်)*

တိုက်ကွမ်ဒို အမျိုးသမီး ၆၇ ကီလို ဗိုလ်လုပွဲ

ရွှေ - ကျန်ရှောင်ဝမ်း (ကိုရီးယား)
ငွေ - ကာရင်းဆာဂျီရီ (ကနေဒါ)
ကြေး - စန္ဒြာဆာရစ် (ခရိုအေးရှား) နှင့်
- ဂွာလာဒိုက်စ်ပါရှင့်အီပန်ဂဲ (ပြင်သစ်)

တိုက်ကွမ်ဒို အမျိုးသား ကီလို ၈၀ ဗိုလ်လုပွဲ

ရွှေ - ဟာရီဆာအီ (အီရန်)
ငွေ - မော်ရိုဆာမင်တို (အီတလီ)
ကြေး - စတီဗင်လိုပက်ဇ် (အမေရိကန်) နှင့်
- ဇူကာအို (တရုတ်)

ဘော်လီဘော -အမျိုးသားဆီမီးဖိုင်နယ်

အမေရိကန် ၃- ၂ ရုရှား

အမျိုးသား သဲသောင်ပြင်ဘော်လီဘော ဗိုလ်လုပွဲ

ရွှေ - အမေရိကန်
ငွေ - ဘရာဇီး
ကြေး - ဘရာဇီး

အမျိုးသား ၄×၁၀၀ မီတာ လက်ဆင့်ကမ်း ဗိုလ်လုပွဲ

ရွှေ - ဂျမေကာ (၃၇ ဒသမ ၁၀ စက္ကန့်) (ကမ္ဘာ့စံချိန်သစ်)
ငွေ - ထရီနီဒတ်နှင့် တိုဘာဂို (၃၈ ဒသမ ၀၆ စက္ကန့်)
ကြေး - ဂျပန် (၃၈ ဒသမ ၁၅ စက္ကန့်)

၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုဇယား

(၂၂-၈-၂၀၀၈)

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	တရုတ်	၄၆	၁၅	၂၃	၈၄
၂	အမေရိကန်	၃၁	၃၆	၃၄	၁၀၁
၃	ဗြိတိန်	၁၈	၁၃	၁၁	၄၂
၄	ရုရှား	၁၇	၁၇	၂၁	၅၅
၅	ဂျာမနီ	၁၄	၉	၁၃	၃၆
၆	ဩစတြေးလျ	၁၁	၁၄	၁၆	၄၁
၇	တောင်ကိုရီးယား	၁၁	၁၀	၆	၂၇
၈	ဂျပန်	၉	၆	၁၀	၂၅
၉	အီတလီ	၇	၈	၉	၂၄
၁၀	နယ်သာလန်	၆	၅	၄	၁၅

အမျိုးသားတုတ်ထောက်ခုန် ဗိုလ်လုပွဲ

ရွှေ - စတိဗ်ဟူကား (ဩစတြေးလျ) ၅ ဒသမ ၉၆ မီတာ
ငွေ - အီကွင်နီလူကာနင်ကို (ရုရှား) ၅ ဒသမ ၈၅ မီတာ
ကြေး - ဒင်းရှာချင်ကို (ယူကရိန်း) ၅ ဒသမ ၇၀ မီတာ

အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

အောင်ပွဲခံ

အမျိုးသား ၄×၁၀၀ မီတာ လက်ဆင့်ကမ်း ပြိုင်ပွဲတွင် စံချိန်သစ်တင်ပြီး ရွှေတံဆိပ် ဆွတ်ခူးသွားသော ဂျမေကာအဖွဲ့ အောင်ပွဲခံနေစဉ်။ *(အင်တာနက်)*

Beijing 2008

ချယ်လ်ဆီးတို့သာ ဆက်လက်ဦးဆောင်နိုင်ဖွယ်ရာရှိသည့် ပရီမီယာလိဂ်ပွဲစဉ် (၂) (ဩဂုတ် ၂၃၊ ၂၄၊ ၂၆)

ဝင်းတင်(ကြေးမုံ)

ယခုတစ်ပတ်ရဲ့ အင်္ဂလိပ်ပရီမီယာလိဂ်ပွဲစဉ်(၂)ကို ဩဂုတ် ၂၃ရက်(ယနေ့)နှင့် ဩဂုတ်၂၄၊ ၂၆ရက်တို့မှာ ဆက်လက်ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ပွဲစဉ်(၁)မှာ အသင်းကြီးများထဲက မန်ယူတစ်သင်းသာ သရေပွဲဖြစ်ခဲ့ပြီး ချယ်လ်ဆီး၊ အာဆင်နယ်နှင့် လီဗာပူးတို့မှာ အသီးသီး အနိုင်ကိုယ်စီရရှိခဲ့ကြပါတယ်။ တန်းတက်အသင်း ဟူးလ်စီးတီးမှာလည်း အိမ်ကွင်းမှာ ဖူလ်ဟမ်ကို အနိုင်ကစားပြီး အဖိုးတန်သုံးမှတ်ရယူနိုင်ခဲ့တယ်။

ခက်ခဲတဲ့ပွဲ

ကွန်မြူနတီဒိုင်းပွဲမှာ မန်ယူကို ပယ်နယ်တီနဲ့ရှုံးခဲ့ရတဲ့ ဟယ်ရီရက်နက်ပ်ရဲ့ပို့စ်မောက်ဟာ ယခုပွဲမှာ မန်ယူကို ပြန်လည် အနိုင်ယူဖို့ကြိုးစားလာမှာပါ။ ဒါကြောင့် ဒီပွဲဟာ ဖာဂူဆန်အတွက် ခက်ခဲတဲ့ပွဲတစ်ပွဲ ဖြစ်လာဦးမှာပါ။ ထို့အတူပွဲစဉ်(၁)မှာ ရှိူင်ကိန်းရဲ့ ဆန်းဒါးလန်းကို ပွဲပြီးခါနီးမှ တောရက်စ်ရဲ့ သွင်းဂိုးတစ်ဂိုးတည်းနဲ့ကပ်ပြီး အနိုင်ရခဲ့တဲ့ လီဗာပူးဟာ စပါးကိုအနိုင်ကစားခဲ့တဲ့ မစ်ဒယ်ဘရော့နဲ့ ရင်ဆိုင်ရမှာ ဖြစ်တာကြောင့် ဘင်နီတက်ဇ်အတွက် ခက်ခဲတဲ့ပွဲလို့ဆိုရမှာပါ။ အခန့်မသင့်ရင် သရေပွဲတောင် ဖြစ်သွားနိုင်ပါတယ်။

ဆက်လက်ဦးဆောင်နိုင်

လက်ရှိဇယားထိပ်မှာ ဦးဆောင်နေတဲ့ ချယ်လ်ဆီးတို့ဟာ စတိဗ်ဘရုစ်ကိုင်တွယ်တဲ့ ဝီဂန်နဲ့ ကစားရမှာဖြစ်တာကြောင့် ရာနှုန်းပြည့်နိုင်ခြေရှိနေပါတယ်။ ဒါကြောင့် ယခုတစ်ပတ်ပွဲစဉ်(၂)အပြီးမှာလည်း စကိုလာရီရဲ့ ချယ်လ်ဆီးတို့ကပဲ ဇယားထိပ်မှာ ဆက်လက်ဦးဆောင်နိုင်ဖွယ်ရာ ရှိနေပါတယ်။ ဝင်းဂါးရဲ့ အာဆင်နယ်ဟာ ဖူလ်ဟမ်နဲ့ အဝေးကွင်း ကစားရမှာဖြစ်ပေမယ့် အခက်အခဲမရှိ အဖိုးတန်သုံးမှတ်ရဦးမှာပါ။ တန်းတက်အသင်းတွေအတွက်တော့ ယခုတစ်ပတ်မှာ သရေတစ်မှတ်တောင် မျှော်လင့်ဖို့မလွယ်လှပါဘူး။ ပြီးခဲ့တဲ့ပွဲမှာ ဘော်လ်တန်ကို ဂိုးပြတ်နဲ့ရှုံးခဲ့တဲ့ တိုနီပူလစ်ရဲ့ တန်းတက်စတုတ်စီတီးဟာ ယခုပွဲမှာလည်း ဘယ်ရီ၊ အဘွန်လဟော်၊ ဂွန်ကာရူးနဲ့ အက်ရှ်လေယန်းတို့ ခြေစွမ်းပြနေတဲ့ မာတင်အိုနေးလ်ရဲ့ဗီလာကို ဂိုးပြတ်နဲ့ အရှုံးပေးရဖွယ်ရှိနေပါတယ်။

ယခုတစ်ပတ် ပရီမီယာလိဂ်ပွဲစဉ်(၂) ကစားမယ့်ပွဲများမှာ ဩဂုတ် ၂၃ရက်(ယနေ့)တွင် ဘလက်ဘန်းနဲ့ ဟူးလ်စီးတီး၊ လီဗာပူးနဲ့ မစ်ဒယ်ဘရော့၊ နယူးကာဆယ်နဲ့ ဘော်လ်တန်၊ စတုတ်စီးတီးနဲ့ ဗီလာ၊ စပါးနဲ့ဆန်းဒါးလန်း၊ ဖူလ်ဟမ်နဲ့အာဆင်နယ်၊ ဝက်စ်ဘရွန်းနဲ့အဲဗာတန်တို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပြီး ဩဂုတ် ၂၄ရက်(တနင်္ဂနွေနေ့)၌ ဝီဂန်နဲ့ ချယ်လ်ဆီး၊ မန်စီးတီးနဲ့ ဝက်စ်ဟမ်း၊ ဩဂုတ် ၂၆ ရက်(အင်္ဂါနေ့)၌ ပို့စ်မောက်နဲ့ မန်ယူတို့ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၈-၂၀၀၈ (စနေနေ့)

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် (၇)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဆိုပြိုင်ပွဲ
၇း၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈း၀၀ ၆။ တေးဂီတအစီအစဉ်
၈း၁၅ ၇။ အတီးပြိုင်ပွဲ
၈း၃၀ ၈။ International News.
၈း၄၀ ၉။ **"ဒီအိုတီအက်စ်" (ဖိုးဖြူ၊ ခိုင်သင်းကြည်၊ ကြူကြူသင်း) [ဒါရိုက်တာ-သိန်းဟန်]**
၈း၅၀ ၁၀။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၁း၅၅ ၄။ တစ်ပတ်အတွင်း ပြည်တွင်းသတင်းစဉ်
၁၂း၃၀ ၅။ The Land of Buddhism
၁း၁၅ ၆။ ဆန်းကြယ်ထူးခြား ပြိုင်ပွဲများ
၂း၀၀ ၇။ အတီးပြိုင်ပွဲ
၂း၀၅ ၈။ ကူးလူးဆက်သွယ် ချစ်ကြိုးနှွယ်
၂း၁၅ ၉။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၂း၂၅ ၁၀။ **"နောက်မကျရအောင်" (မင်းသူ၊ ကျော်ထူး၊ မိုးပြည့်ပြည့်မောင်၊ ဒေါ်အေးအေးမြင့်) [ဒါရိုက်တာ-ကြည်စိုး]**
၂း၃၅ ၁၁။ တေးဂီတအစီအစဉ်
၂း၄၅ ၁၂။ International News.
၃း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အတီးပြိုင်ပွဲ
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၀ ၄။ ရန်ကုန်တိုင်း၊ အမှတ်(၃) (အခြေခံပညာဦးစီးဌာန၊ ပဥ္စမအကြိမ် ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ(ပထမဆု) (အထက-၁၊လသာ) (အမျိုးသားဝတ်ရွတ်အဖွဲ့)
၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၅ ၆။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၅း၀၅ ၇။ အကပြိုင်ပွဲ
၅း၁၀ ၈။ တေးဂီတအစီအစဉ်
၅း၂၀ ၉။ မြန်မာ့ဓလေ့ရိုးရာလက်ဇွေ့
၅း၃၀ ၁၀။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ အလှူရှာမယ်လှူကမ္ဘာဝယ်
၇း၀၀ ၁၄။ သမိုင်းဝင် ရှင်ကိုးရှင်ဘုရားများ
၇း၁၅ ၁၅။ **နိုင်ငံခြား ဇာတ်လမ်းတွဲ "ရွှေမင်းသားလေးချစ်ပုံပြင်"(အပိုင်း-၂၄)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး" (အပိုင်း-၁၅)**
၂၀။ အစီအစဉ်ပြီး၏။

ဆန်တန်ချိန် ၂ ဒသမ ၉ သန်း ဗီယက်နမ် ပြည်ပသို့ တင်ပို့ရောင်းချ

ဟနွိုင်း ဩဂုတ် ၂၁

ယခုလတွင် ဗီယက်နမ်နိုင်ငံက အမေရိကန်ဒေါ်လာ ၁၂၁ ဒသမ ၉ သန်းတန်ဖိုးရှိ ဆန်တန် ၁၅၇၇၀၀ ကျော်ကို ပြည်ပသို့ တင်ပို့ခဲ့ကြောင်း၊ ထို့အပြင် ယခုနှစ် ယခုအချိန်အထိ ၁ ဒသမ ၇ ဘီလီယံ ဒေါ်လာတန်ဖိုးရှိ ဆန်တန် ၂ ဒသမ ၉ သန်းနီးပါးကို ပြည်ပသို့တင်ပို့ခဲ့ပြီးဖြစ်ကြောင်း ဩဂုတ် ၂၁ ရက်ထုတ် လေဘာသတင်းစာက ဖော်ပြသည်။

ပြည်တွင်းဆန်တင်ပို့သူများက ကမ္ဘာတစ်ဝန်းဆန်လိုအပ်မှုသည် ၂၀၀၈ ခုနှစ် နောက်ပိုင်းတွင် တလိပ်လိပ်တက်လာမည်ဟု ခန့်မှန်းသည်။ သို့ဖြစ်၍ ပြည်ပသို့ ဆန်တင်ပို့သူများအနေဖြင့် ဆန်သိုလှောင်ထားရှိမှု ပမာဏကို တိုးမြှင့်ရန် အကြံပြုထားသည်။

ယခုလစောစောပိုင်းတွင် ဗီယက်နမ်အစိုးရက ပြည်ပပို့ကုန်အတွက် ဆန်ကို မဲခေါင်မြစ်ဝှမ်းတောင်ပိုင်းတွင် စိုက်ပျိုးထားသည့် ဆန်များအား ဝယ်ယူမှုဖြည့်တင်းရန် သက်ဆိုင်ရာလုပ်ငန်းဌာနများကို တိုက်တွန်းခဲ့သည်။ ယခုနှစ်တွင် ဆန်ပို့ကုန်တန်ချိန်သည် ၄ ဒသမ ၅၊ ၄ ဒသမ ၆ သန်းအထိ ပြည်ပသို့ တင်ပို့မည်ဖြစ်သည်ဟုဆိုသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၀၇ ခုနှစ်က ၁ ဒသမ ၅ ဘီလီယံဒေါ်လာနီးပါးတန်ဖိုးရှိ ဆန်တန် ၄ ဒသမ ၅ သန်းကို ပြည်ပသို့ တင်ပို့ရောင်းချခဲ့သည်။ ထိုပမာဏသည် ဆန်တင်ပို့မှုတွင် ကုန်ချိန်အားဖြင့် ၃ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း တန်ဖိုးအရကြည့်လျှင် ၂၀၀၆ ခုနှစ် တန်ဖိုးထက် ၁၃ ဒသမ ၉ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာသည်ကို တွေ့ရကြောင်း အထွေထွေ စာရင်းအင်းဌာန၏ ကိန်းဂဏန်းများအရ သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဖိလစ်ပိုင်အာဏာပိုင်ထံသို့ ပြောက်ကျားများ လက်နက်ချ

မနီလာ ဩဂုတ် ၂၂

ဖိလစ်ပိုင်အစိုးရ အလိုရှိသော မိုရိုအစ္စလာမ့်စ် လွတ်မြောက်ရေးတပ်ဦး (အမ်အိုင်အယ်လ်အက်ဖ်)မှ ပြောက်ကျား ၃၁ ဦးသည် အာဏာပိုင်ထံသို့ လက်နက်ချလိုက်ကြောင်း ဖိလစ်ပိုင်သတင်းဌာနက ဩဂုတ် ၂၁ ရက်တွင် ပြောကြားသည်။

အဆိုပါလက်နက်ချ ပြောက်ကျားများကို သတင်းသမားများနှင့် လာနာအိုဒယ်နောတီပြည်နယ် လီဂန်မြို့တောင်ပိုင်း၌ အာဏာပိုင်များက တွေ့ဆုံခွင့်ပေးခဲ့သည်ဟု အေဘီအက်စ်စီဘီအင်န်သတင်းဌာနက ဖော်ပြသည်။ ထိုနေရာ၌ တနင်္လာနေ့က သူပုန်တို့တိုက်ခိုက်မှုကြောင့် အရပ်သားအများစု အပါအဝင် ၃၆ ဦး အသက်ဆုံးရှုံးခဲ့ရသည်။

လက်နက်ချသူများမှာ ဘရာဗိုဟုလူသိများသော ပြောက်ကျားခေါင်းဆောင် အဒူလာမာကာပါ၏ လက်အောက်မှဖြစ်ကြောင်း လက်နက်ချပြောက်ကျားတပ်ဖွဲ့ဝင်များက ပြောကြားသည်။ လာနာအိုဒယ်နောတီပြည်နယ်တွင် ဖြစ်ခဲ့သော တိုက်ပွဲကို ဘရာဗိုက ကြိုးကိုင်နေသည်ဟုဆိုသည်။ ၎င်းကို ဖမ်းမိပါက ဆုကြေးငွေ ပီဆို ၁၀ သန်း (အမေရိကန် ဒေါ်လာ ၂၂၀၀၀၀) ပေးမည်ဖြစ်ကြောင်း ကြေညာထားသည်။

အပြစ်မဲ့ပြည်သူများကို သေစေလိုသည့် ဆန္ဒမရှိသည့်အတွက် ၎င်းတို့သည် ဘရာဗိုအဖွဲ့မှ နုတ်ထွက်ရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟု လက်နက်ချပြောက်ကျားတပ်ဖွဲ့ဝင်များက ပြောကြားသည်။

အင်တာနက်။

ဆိုမာလီယာ ကမ်းရိုးတန်း၌ မလေးရှားသင်္ဘော ပြန်ပေးဆွဲခံရ

နိုင်ရိုဘီ ဩဂုတ် ၂၁

ဆိုမာလီယာနိုင်ငံ ကမ်းရိုးတန်းရှိ အေဒင်ပင်လယ်ကွေ့တွင် သင်္ဘောသား ၂၀ ကျော်နှင့် စားအုန်းဆီ သယ်ဆောင်လာသော မလေးရှား သင်္ဘောကို လက်နက်ကိုင်ပင်လယ်ဓားပြများက ဖမ်းဆီးခဲ့ကြောင်း ဩဂုတ် ၂၀ ရက်က ဒေသဆိုင်ရာ ပင်လယ်ရေကြောင်း တာဝန်ရှိသူက ပြောကြားသည်။

မလေးရှားနှင့် ဖိလစ်ပိုင်သင်္ဘောသား အများစုပါရှိသော မလေးရှားနိုင်ငံ၌ မှတ်ပုံတင်ထားသည့် အမ်တီ ဘန်ဂါမီလာတီဒူရာ စားအုန်းဆီတင် သင်္ဘောသည် ဩဂုတ် ၁၉ ရက်က ပြန်ပေးဆွဲခြင်းခံရကြောင်း အရှေ့အာဖရိက သင်္ဘောသားများ အထောက်အကူပြုအဖွဲ့မှ အင်ဒရူး မဝန်ဂူရာက ပြောကြားသည်။

မလေးရှားသင်္ဘောသည် စားအုန်းဆီတင်ဆောင်လာပြီး အင်ဒိုနီးရှားနိုင်ငံမှ နယ်သာလန်နိုင်ငံ ရော့တာဒမ်ဆိပ်ကမ်းသို့ ခုတ်မောင်းနေစဉ် ပင်လယ်ဓားပြများ၏ တိုက်ခိုက်ခံရခြင်းဖြစ်သည်။

ဘေးအန္တရာယ် ကျရောက်နေကြောင်း သင်္ဘောမှပေးပို့သည့်သတင်းကို လက်ခံရရှိပြီးနောက် ထိုသင်္ဘောသည် ဆိုမာလီယာနိုင်ငံအနီး ကမ်းရိုးတန်းရေပြင်တွင် ရောက်ရှိနေကြောင်း သိရှိရသည်။

ဂျပန်နိုင်ငံ ရှီဇူအိုကာဒေသတွင် စစ်ရေးလေ့ကျင့်နေကြသော ဂျပန်နိုင်ငံ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ ရဟတ်ယာဉ်များကို ဩဂုတ် ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ယခုအဖြစ်အပျက်သည် ယခုလအတွင်းစတုတ္ထ မြောက်ပြန်ပေးဆွဲခံရခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါလက်စတိုင်းအကျဉ်းသား ၂၀၀ ပြန်လည်လွှတ်ပေးရန် အစ္စရေးအစိုးရအတည်ပြု

ဂျေရုဆလင် ဩဂုတ် ၂၀

အစ္စရေးနိုင်ငံသားကို သတ်ခဲ့သူနှစ်ဦး အပါအဝင် ပါလက်စတိုင်းအကျဉ်းသား ၂၀၀ ခန့်ကို ပြန်လည်လွှတ်ပေးရန် အစ္စရေးနိုင်ငံ ဝန်ကြီးချုပ် အီဟွတ်အိုလ်မတ် ခေါင်းဆောင်သည့် ဝန်ကြီးအဖွဲ့ဝင်များက ဩဂုတ် ၁၈ရက်တွင် အတည်ပြုကြောင်း ရီဒီရောသ်အရိုနော့သ် အစ္စရေးနိုင်ငံ နေ့စဉ်သတင်းစာက ရေးသားသည်။

ပြည်တွင်းလုံခြုံရေးဆိုင်ရာ ဝန်ကြီး အဗီဒတ်ချ်တာက ပါလက်စတိုင်းနှစ်ဦးအား ပြန်လည်လွှတ်ပေးရန်ကိစ္စကိုအပြင်းအထန် ကန့်ကွက်ခဲ့ကြောင်း၊ ပြန်ပေးဆွဲခံရသည့် အစ္စရေးတပ်ဖွဲ့ဝင် ဂီလတ်ရှာလစ် ပြန်လည်လွတ်မြောက်ရေးအတွက် ၎င်းတို့အား အပေးအယူလုပ်နိုင်ရန် ထိန်းသိမ်းထားသင့်ကြောင်း တင်ပြခဲ့သည်။

ဒတ်ချ်တာကဂါဇာမှ အခြားပါလက်စတိုင်းအကျဉ်းသမားများ ပြန်လည်လွှတ်ပေးခြင်းကိုလည်း ကန့်ကွက်ခဲ့သည်ဟုဆိုသည်။အကျဉ်းသားများကို ယခုလကုန်၌ လွှတ်ပေးမည်ဟု မျှော်လင့်ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း အစ္စလမ္မာဘတ်မြို့အနီး ဗုံးပေါက်ကွဲမှု ဖြစ်ပွားသွားသောနေရာအား ရဲနှင့်ဗုံး ကျွမ်းကျင်သူများ စစ်ဆေးနေသည်ကို ဩဂုတ် ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆိုမာလီယာကမ်းလွန်တွင် ဂျပန်နှင့်အီရန်သင်္ဘော ပြန်ပေးဆွဲခံရ

ကွာလာလမ်ပူ ဩဂုတ် ၂၁

ဆိုမာလီယာနိုင်ငံ ကမ်းလွန်အေဒင်ပင်လယ်ကွေ့တွင် အီရန်ရေနံတင်သင်္ဘောတစ်စင်းနှင့် ဂျပန်ရေနံတင်သင်္ဘောတစ်စင်းတို့ကို လက်နက်ကိုင်ပင်လယ်ဓားပြများက ပြန်ပေးဆွဲခဲ့သည်ဟု နိုင်ငံတကာ ရေကြောင်းသွားလာမှု အဖွဲ့အစည်းက ပြောကြားသည်။

ထိုဒေသတွင် မလေးရှားစားအုန်းဆီတင်သင်္ဘောတစ်စင်းကို ဓားပြများက အပိုင်စီးခဲ့ပြီးနောက် နှစ်ရက်အကြာ ဩဂုတ် ၂၁ ရက်တွင် အီရန်နှင့်ဂျပန်သင်္ဘောတို့ ပြန်ပေးဆွဲခံရခြင်းဖြစ်သည်။

အီရန်သင်္ဘောပေါ်သို့ မတက်ရောက်မီ ပင်လယ်ဓားပြများက အဆိုပါသင်္ဘောကို ပစ်ခတ်ခဲ့ကြောင်း နိုင်ငံတကာ ရေကြောင်းဗျူရိုမှ နိုလ်ချွန်က ပြောကြားသည်။ ထိုအဖြစ်အပျက် ဖြစ်ပွားပြီးနောက် တစ်နာရီခန့်အကြာတွင် အဆိုပါပင်လယ်ပြင်၌ပင် သင်္ဘောသား ၁၉ ဦး လိုက်ပါလာသော ဂျပန်ရေနံတင်သင်္ဘောကို ပင်လယ်ဓားပြများက ထပ်မံပြန်ပေးဆွဲခဲ့သည်။ ***အင်တာနက်။***

အီရတ်မြောက်ပိုင်းရှိ ပီကေကေသူပုန်များအား တူရကီတပ်ဖွဲ့များ လက်နက်ကြီးဖြင့် ပစ်ခတ်

ဘဂ္ဂဒက် ဩဂုတ် ၂၂

အီရတ်နိုင်ငံမြောက်ပိုင်းတွင် ဩဂုတ် ၂၀ ရက် စောစောပိုင်းက ကာဒစ်သူပုန်များကို တူရကီတပ်ဖွဲ့များက လက်နက်ကြီးများဖြင့် အဆက်မပြတ်ပစ်ခတ်ခဲ့ကြောင်း၊ မည်မျှသေကျေဒဏ်ရာရရှိသည်ကို မသိရသေးကြောင်း အီရတ်နယ်စပ်အစောင့်တပ်ဖွဲ့က ပြောကြားသည်။

အီရတ်နိုင်ငံ၏ အကြီးဆုံး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကာဒစ္စတန်ဒေသနယ်စပ်အစောင့်တပ်ဖွဲ့၏ စစ်ဆင်ရေးအကြီးအကဲ ဗိုလ်ချုပ်အိုမာရှာရစ်က နံနက် ၄ နာရီခွဲတွင် လက်နက်ကြီးများဖြင့် တူရကီနိုင်ငံနှင့်နယ်စပ်၊ အီရတ်နိုင်ငံ၏ တောင်ထူထပ်သောဒေသ သုံးနေရာကို တစ်နာရီခွဲခန့်ကြာအောင် ပစ်ခတ်သည်ဟု ပြောကြားသည်။ ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ တူရကီစစ်ဘက်မှ ဝေဖန်ပြောကြားခြင်း မရှိပေ။

လွန်ခဲ့သောရက်သတ္တပတ်များက တူရကီနိုင်ငံအရှေ့ပိုင်းရှိ လူမျိုးစုနယ်မြေအတွက် တိုက်ခိုက်နေသည့် ကာဒစ္စတန်အလုပ်သမားပါတီ (ပီကေကေ) သူပုန်များကိုတိုက်ဖျက်ရန် တူရကီအစိုးရက စစ်ဆင်ရေးအရှိန်မြှင့်တင်ခဲ့သည်။

ပြီးခဲ့သည့်ရက်သတ္တပတ်ကျော်က အီရတ်နိုင်ငံမြောက်ပိုင်းတွင် ပီကေကေ ပြောက်ကျားများ၏ အခြေစိုက်စခန်းတစ်ခုကို တူရကီတိုက်လေယာဉ်များက တိုက်ခိုက်ခဲ့ကြောင်း တနင်္ဂနွေနေ့တွင် စစ်ဘက်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အိန္ဒိယနိုင်ငံ ဘီရှာနူဖူရာ အရပ်မှ မြွေအလမ္ပာယ်ဆရာ တစ်ဦး အဆိပ်ပြင်းသောမြွေဖြင့် စွမ်းရည်ပြသနေသည်ကိုဩဂုတ် ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တူရကီအနောက်ပိုင်း၌ ပေါက်ကွဲမှုဖြစ်၊ ၁၁ ဦး ဒဏ်ရာရရှိ

အန်ကာရာ ဩဂုတ် ၂၁

တူရကီနိုင်ငံအနောက်ပိုင်း အဇ်မီရာပြည်နယ်တွင် ဩဂုတ် ၂၁ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ ၁၁ ဦး ဒဏ်ရာရရှိကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။

အဇ်မီရာပြည်နယ်တွင် ပေါက်ကွဲမှုဖြစ်ခဲ့ရာ စစ်ဘက်အရာရှိတစ်ဦး၊ တပ်ဖွဲ့ဝင်သုံးဦးနှင့် ရဲတပ်သားရှစ်ဦးအပါအဝင် ၁၃ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဒေသဆိုင်ရာ အင်န်တီဗွီသတင်းဌာနက ကနဦးသတင်း ထုတ်လွှင့်သွားသည်။

အဇ်မီရာမြို့တွင် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်တွင် စစ်ဘက်နှင့် ရဲဘက်တပ်ဖွဲ့ဝင်များ သွားလာနေသည့်နေရာအနီး၌ ရပ်တန့်ထားသောကားမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ တပ်ဖွဲ့ဝင်သုံးဦးနှင့် ရဲအရာရှိရှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု အနာတိုလီယာသတင်းဌာနက ထပ်မံဖော်ပြသည်။

အင်အားပြင်းထန်သည့် ပေါက်ကွဲမှုဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သတင်း၌ ဖော်ပြထားသည်။

အင်တာနက်။

ပါရီမြို့၌ ကျင်းပသည့် အာဖဂန်တွင် သေဆုံးခဲ့သည့် ပြင်သစ်တပ်ဖွဲ့ဝင်များ၏ဈာပနသို့တက်ရောက်လာသောပြင်သစ် သမ္မတ ဆာကိုဇီအား ဩဂုတ် ၂၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဓားဖြင့်ကျူးလွန်သည့်ပြစ်မှု နှိမ်နင်းရေး ဗြိတိန်ရဲတပ်ဖွဲ့ အရှိန်အဟုန်မြှင့်ဆောင်ရွက်

လန်ဒန် ဩဂုတ် ၂၁

ဗြိတိန်နိုင်ငံတွင် ဓားဖြင့်ထိုးသတ်မှုများ ဆက်တိုက်ဖြစ်ပွားလာသည့်အတွက် ဓားထိုးသတ်မှုကို နှိမ်နင်းရေးအတွက် လမ်းသွားလမ်းလာ ၅၅၀၀၀ ခန့်ကို ရပ်တန့်ရှာဖွေခဲ့သည်။ ယင်းသို့ရှာဖွေရာ၌ လူပေါင်း ၂၅၀၀ကို ဗြိတိန်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဩဂုတ် ၁၈ ရက်တွင် ပြောကြားသည်။

ဗြိတိန်အစိုးရသည် ဓားဖြင့်ကျူးလွန်သော ပြစ်မှုနှိမ်နင်းရေး တစ်ရပ်ကို ဇွန် ၅ ရက် ကတည်းက စတင်ဆောင်ရွက်ခဲ့သည်။ ထိုစစ်ဆင်ရေးအတွင်း ဖမ်းဆီးမိသူများထဲမှ ဓားအလက်ပေါင်း ၁၆၀၀ သိမ်းဆည်းနိုင်ခဲ့သည်။

ဗြိတိန်နိုင်ငံ လမ်းမများပေါ်တွင် ဆယ်ကျော်သက် လူငယ်များသည် ဓားထိုးခံရသဖြင့် သေဆုံးရပြီးနောက် ယခုကဲ့သို့ ဓားဖြင့်ထိုးသတ်မှုနှိမ်နင်းသည့် စစ်ဆင်ရေးတစ်ရပ် ပေါ်ပေါက်လာရခြင်းဖြစ်သည်။

ထိုစစ်ဆင်ရေးတွင် ရဲတပ်ဖွဲ့များက မသင်္ကာသူ ဆယ်ကျော်သက်လူငယ်များအား အကြောင်းပြချက် တစ်စုံတစ်ရာ ဖော်ပြခြင်းမရှိဘဲ ရပ်တန့်ရှာဖွေနိုင်ကြောင်း သိရသည်။

ပြီးခဲ့သော ရက်သတ္တပတ်ကုန်က ဆယ်ကျော်သက်လူငယ်နှစ်ဦးမှာ ဓားထိုးခံရပြီး သေဆုံးသွားသည်။ ထို့နောက် ယင်းစစ်ဆင်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မန်ချက်စတာခရိုင်တွင် ဩဂုတ် ၁၆ရက်စောစောပိုင်းက အသက် ၁၆ နှစ်အရွယ် ကိုနာဘလက်စ်သည် ဓားထိုးခံရပြီး သေဆုံးသွားခဲ့သည်။ တစ်ချိန်တည်း၌ပင် ခရိုင်ဒွန်အရပ်တွင် အသက် ၁၇ နှစ်အရွယ် နီလန်သန်မာဒီသည်လည်း ဓားထိုးမှုဖြစ်ပြီး သေဆုံးခဲ့ရပြန်သည်။ ၎င်းတို့သည် ယခုနှစ်အတွင်း လန်ဒန်၌ ဓားထိုးခံရသဖြင့် သေဆုံးရသူ ဆယ်ကျော်သက်များထဲမှ ၂၃ ယောက်မြောက် သေဆုံးရသူဖြစ်သည်။

လူငယ်နှစ်ဦး ဓားဖြင့်ထိုးသတ်ခံရပြီးနောက် အစိုးရက စစ်ဆင်ရေးတစ်ရပ်ဖြင့် အရှိန်မြှင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး ဂျက်စမစ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘာရာဇီး၌ အဏုမြူဓာတ်အားပေးစက်ရုံ လေးရုံ ထပ်မံဆောက်လုပ်မည်

ရီယိုဒီဂျနေးရိုး ဩဂုတ် ၂၀

ဘရားဇီးနိုင်ငံသည် အဏုမြူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံလေးရုံကို ထပ်မံဆောက်လုပ်မည်ဖြစ်ကြောင်း၊ဆောက်လုပ်ဆဲမှုရပ်တန့်ထားသော အင်ဂရာ-၃ ကိုလည်း ဆက်လက် ပြီးစီးအောင် ဆောက်လုပ်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနက ဩဂုတ် ၁၉ရက်တွင် ဖော်ပြသည်။

ဘရားဇီးနိုင်ငံ၏ အရှေ့မြောက်အရပ်တွင် စက်ရုံနှစ်ရုံ၊ အရှေ့တောင်အရပ်တွင် စက်ရုံနှစ်ရုံကို တည်ဆောက်မည်ဖြစ်သည်။ အရှေ့တောင်အရပ်တွင် အင်ဂရာစက်ရုံ သုံးရုံ တည်ရှိပြီးဖြစ်သည်။ အသစ်တည်ဆောက်သော အဏုမြူဓာတ်အားပေးစက်ရုံများကို ၂၀၁၄ ခုနှစ်တွင် လည်ပတ်နိုင်ရန် မျှော်လင့်ထားကြောင်း တနင်္လာနေ့ညက ကျင်းပသော အစည်းအဝေးတွင် ဘရာဇီးသမ္မတ လူးဝစ်စ်အင်နာရီစီယိုလူလာ ဒါဆေးလ်ဗားက ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

အင်ဂရာ-၁နှင့် အင်ဂရာ-၂ စက်ရုံနှစ်ရုံ၏ ဘေးထွက်စွန့်ပစ်ပစ္စည်းများ သိမ်းဆည်းမှုနှင့်ပတ်သက်၍ အဖြေရှာဖွေသွားရန် လူလာက တောင်းဆိုသည်။ ထိုပြဿနာကို အမျိုးသားအဏုမြူစွမ်းအင်အေဂျင်စီနှင့် နိုင်ငံပိုင်ကုမ္ပဏီဖြစ်သော အီလက်ထရိုနျူကလီးယားစက်ရုံတို့က တာဝန်ယူ ဖြေရှင်းရမည်ဖြစ်သည်။

ဘရာဇီးနိုင်ငံသည် အဏုမြူစွမ်းအင်နှင့်ပတ်သက်၍ တစ်ဦးတည်းမူပိုင်ပြုလုပ်ခွင့် ရရှိထားသောလုပ်ငန်းမှာ အီလက်ထရိုန်ျူကလီးယား စက်ရုံလုပ်ငန်းဖြစ်သည်။သို့သော်ထိုလုပ်ငန်းအနေဖြင့် ဘေးထွက်ပစ္စည်းပြဿနာ၏အဖြေကိုမရမချင်း လုပ်ငန်းစတင်ရန် မဖြစ်နိုင်သေးဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ် ယင်ဂျီယန်အရပ်တွင် လျှင်လှုပ်ပြီးနောက် ဒုက္ခသည်များအား အကူအညီပေးနေသည်ကို ဩဂုတ် ၂၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆရာဝန်များက သေဆုံးပြီဟုဆိုသူ ကလေးတစ်ဦး အအေးခန်းအတွင်း ငါးနာရီကြာနေခဲ့ပြီး အသက်ရှင်

ဂျေရုဆလင် ဩဂုတ် ၂၁

အစ္စရေးနိုင်ငံတွင် ဆရာဝန်များက သေဆုံးခဲ့ပြီဖြစ်ကြောင်း အတည်ပြုပြီးနောက် ဆေးရုံအအေးခန်းအတွင်း၌ နာရီအတော်ကြာ ထားရှိခြင်းခံရသော ကလေးငယ်တစ်ဦးသည် အသက်ပြန်ရှင်လာသည်ကို တွေ့ရကြောင်း တနင်္လာနေ့က ထွက်ပေါ်လာသော သတင်း၌ ဖော်ပြထားသည်။

အသက်ရှင်

၎င်းကလေး၏ မွေးဖွားစဉ် ကိုယ်အလေးချိန်မှာ ဂရမ် ၆၀၀ သာရှိသည်။ အဆိုပါကလေးအား ဆေးရုံ၏ အအေးခန်း၌ အနည်းဆုံး ငါးနာရီကြာထားရှိခဲ့သည်။ ကလေးငယ်အားသင်္ဂြိုဟ်ရန် အလောင်းကို ထုတ်ယူစဉ် အနည်းငယ်လှုပ်ရှားလာသည်ကို မိဘများက သတိပြုမိရာမှ ၎င်းအသက်ရှင်နေကြောင်း သိရှိရသည်။

မိခင်မက်ဒက်ဘ်၏ ကိုယ်ဝန်မှာ ရက်သတ္တ ၂၃ ပတ်သာ ရှိသေးသည့်အချိန်တွင် ကိုယ်တွင်းမှ သွေးဆင်းလာမှုကြောင့် အစ္စရေးနိုင်ငံအနောက်ပိုင်း ဂါလီလီမြို့ ဆေးရုံရှိ ဆရာဝန်များက အဆိုပါကလေးမိခင်ကိုယ်ဝန်အား မလွဲမကင်းသာ ဖျက်ချပေးရသည်။ ထိုဖြစ်စဉ်မှ မွေးဖွားလာသောကလေးကို သေပြီဟု ယူဆခဲ့ရာမှ နောက်ပိုင်းတွင် အသက်ရှင်လျက်သား တွေ့ရခြင်းဖြစ်သည်။

ယခုအဖြစ်အပျက်အား မည်သို့ ရှင်းလင်းပြောကြားရမည်ကို မိမိတို့ မသိကြောင်း၊ ထိုကိစ္စမျိုးကို ဆေးဘက်ဆိုင်ရာနှင့်ပတ်သက်၍ အံ့ဩဖွယ်ရာ အဖြစ်အပျက်အဖြစ် ဖော်ညွှန်းလေ့ရှိကြောင်း ဆေးရုံဒုတိယညွှန်ကြားရေးမှူး မိုရှီဒါနေးလ်က ပြောကြားသည်။ အဆိုပါကလေး ပြန်လည်အသက်ရှင်လာသည့်အတွက် ထပ်မံဆေးဝါးကုသပေးနိုင်ရန်အထူးကြပ်မတ်ဆောင်သို့ ပို့ဆောင်ကာ ပြုစုကုသပေးလျက်ရှိသည်။ သို့သော် ကလေးမှာ အချိန်မည်မျှကြာအောင် ဆက်လက်အသက်ရှင်နိုင်မည်ကို ဆရာဝန်များက တပ်အပ်သေချာ မပြောနိုင်ကြောင်း သိရှိရသည်။

အအေးခန်းအတွင်း အပူချိန်လျော့ကျနေမှုသည် ကလေး၏ ဇီဝကမ္မဖြစ်ပျက်မှုကို ပြောင်းလဲစေပြီး အသက် ပြန်လည်ရှင်သန်လာရန် အခွင့်အလမ်း ရရှိလာခြင်းဖြစ်နိုင်ကြောင်း ပါမောက္ခ မိုတီရာဇစ်ဒ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ပါကစ္စတန်၌ ဗုံးကျည်ထိမှန်၊ ခြောက်ဦးသေဆုံး

ဝါနာ(ပါကစ္စတန်) ဩဂုတ် ၂၁

အာဖဂန်နယ်စပ်ရှိ ပါကစ္စတန်နိုင်ငံတောင်ဘက် ဝါဇီရစ္စတန်ဒေသတွင် ဩဂုတ် ၂၀ ရက်က အိမ်တစ်လုံးကို ဗုံးကျည်နှစ်ခု ထိမှန်မှုကြောင့် စစ်သွေးကြွဟု ယူဆရသူခြောက်ဦး သေဆုံးကြောင်း၊ ၎င်းသေဆုံးသူအချို့မှာ နိုင်ငံခြားသားများဖြစ်ကြောင်း လုံခြုံရေးတပ်ဖွဲ့ တာဝန်ရှိသူက ပြောကြားသည်။

ဗုံးကျည်များ ပစ်ခတ်သူကိုလည်း မသိရသေးချေ။ ယခုနှစ်အတွင်း ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် အယ်လ်ခိုင်ဒါ စစ်သွေးကြွများ အသုံးပြုသည့် နေရာအချို့ကို အမေရိကန်တပ်ဖွဲ့များက တိုက်ခိုက်မှု ပြုလုပ်ရာတွင် သံသယရှိဖွယ်စစ်သွေးကြွ ဒါဇင်များစွာ သေဆုံးခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဂျော်ဒန်နိုင်ငံ ရဲတပ်ဖွဲ့သင်တန်းကျောင်း၌ အမျိုးသား၊ အမျိုးသမီး ရဲအရာရှိများ လေ့ကျင့်နေသည်ကို ဩဂုတ် ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

" အိမ်ရာအရောင်းပွဲ "

Shwe Taung Development Co.,Ltd.

မှ အဆောက်အအုံများနှင့် အဆင့်မြင့်တိုက်ခန်းများကို သင့်တော်သောဈေးနှုန်းဖြင့် ရောင်းချပေးနေပါပြီ...

ကိုယ်ပိုင်မီတာ၊ ဂျိုးဖြူရေနှင့် အသင့်နေထိုင်နိုင်မည့် (၂ထပ်၊ ၃ထပ်၊ ၃ထပ်ခွဲ အဆောက်အအုံများ)

- လမ်းမတန်းပေါ်ရှိ ဆိုင်ခန်း၊ လူနေအိမ် စိတ်ကြိုက်အသုံးပြုနိုင်၍ ကားပါကင်ပါရှိသည့် အဆောက်အအုံကျယ် (၃၃၇၀) စတုရန်းပေ ရှိ (Commercial) ၃ထပ်ခွဲ အဆောက်အအုံများ...
- အိပ်ခန်း(၄)ခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်းများဖြင့်ဖွဲ့စည်းထားပြီး ကားဂိုဒေါင်ပါရှိသည့် အဆောက်အအုံအကျယ် (၂၇၀၀) စတုရန်းပေ ရှိ (Link Bungalow) ၃ထပ် အဆောက်အအုံများ...
- အိပ်ခန်း(၃)ခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်းများဖြင့်ဖွဲ့စည်းထားပြီး ကားဂိုဒေါင်ပါရှိသည့် အဆောက်အအုံအကျယ် (၁၉၀၀) စတုရန်းပေ ရှိ (Town House) ၂ထပ် အဆောက်အအုံများ...
- ဈေးနှုန်းသင့်တော်ပြီး ခေတ်မီလှပသည့် အဆင့်မြင့်တိုက်ခန်းများ...

Junction Zawana, Orange, Super One (Shopping Centre)
ILBC School များနှင့် နီးစပ်သောနေရာ . . .

Fitness Center
Swimming Pool
Tennis Court
Landscaping
24 hrs Security

Address: Ahlone Tower Ground Floor, Sale Office - Strand Road, Ahlone Township, Yangon.
Contact: 211430, 212703, 212704, 212705, 573926, 563934, 09-5106504

ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့ရှိ လေဘေးသင့်ရဟန်း၊ သာမဏေနှင့် သီလရှင်များအတွက် ဆက်လက်လှူဒါန်းနိုင်ရေး ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့ရှိ လေဘေးသင့်ရဟန်း၊ သာမဏေနှင့် သီလရှင်များအတွက် ဆက်လက်လှူဒါန်းနိုင်ရေး ဆွေးနွေးပွဲကို ဩဂုတ် ၂၀ ရက်တွင် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက်ရှိ မင်းကျောင်းစာသင်တိုက်၌ကျင်းပရာ မွန်ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် မဟာဂန္ထ ဝါစကပဏ္ဍိတ ဘဒ္ဒန္တ နာဂိန္ဒာဘိဝံသက မွန်ပြည်နယ် သံဃနာယကအဖွဲ့က ဦးဆောင်၍ ပြည်နယ်အတွင်းရှိ ဂိုဏ်းပေါင်းစုံတို့မှ သံဃာတော်များ၊ သီလရှင်များနှင့် အလှူရှင်များက ပထမအကြိမ်အဖြစ် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့ရှိ လေဘေးသင့်ရဟန်း၊ သာမဏေနှင့် သီလရှင်များအတွက် ဇွန် ၁၀ ရက်တွင် လှူဒါန်းငွေကျပ် ၂၀၄၁၆၂၄၀ နှင့် အလှူပစ္စည်းမျိုးစုံ တန်ဖိုးငွေကျပ် ၃၀၅၅၄၅၀၀ တို့ကို လည်းကောင်း၊ ဇူလိုင် ၈ ရက်တွင် ဒုတိယအကြိမ်အဖြစ် လှူဒါန်းငွေကျပ် ၃၇၅၀၀၀ နှင့် ပစ္စည်းမျိုးစုံတန်ဖိုးငွေကျပ် ၁၂၃၅၀၀ တို့ကို လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ ဂိုဏ်းပေါင်းစုံ သံဃနာယကအဖွဲ့များ ကိုယ်စား ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့် ဆရာတော်ကြီးများ၊ မွန်ပြည်နယ်သာသနာရေးဦးစီးဌာနမှူးတို့နှင့်အတူ သာသနာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း မိန့်ကြားတော်မူသည်။

ထို့နောက် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့ရှိ လေဘေးသင့်ရဟန်း၊ သာမဏေနှင့် သီလရှင်များအတွက် ဆက်လက်လှူဒါန်းနိုင်ရေးကို ညှိနှိုင်းဆွေးနွေးကြပြီး လှူဒါန်းထားသည့် ပစ္စည်းများကို စနစ်တကျစာရင်း ဇယားများဖြင့် ထပ်မံပေးပို့နိုင်ရေးကိုပါ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးဆေးတက္ကသိုလ်(၁၉၈၃-၁၉၉၃)ပညာသင် သူငယ်ချင်းများအားလုံးသို့

မန္တလေးဆေးတက္ကသိုလ်တွင် (၁၉၈၃-၁၉၉၃)အထိ အတူတကွပညာသင်ကြားခဲ့ကြသော သူငယ်ချင်းအားလုံး၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၈-၁၂-၂၀၀၈ ရက်တွင် မန္တလေးမြို့၌ ကျင်းပမည်ဖြစ်ပါသောကြောင့် သူငယ်ချင်းအားလုံး ပါဝင်ဆင်နွှဲနိုင်ရန် အောက်ပါသူငယ်ချင်းများ၏ ဖုန်းနံပါတ်များကို အမြန်ဆုံးဆက်သွယ်ကြပါရန်နှင့် အလှူထည့်ဝင်ငွေများကို ၃၀-၁၁-၂၀၀၈ ရက်နောက်ဆုံးထားပြီး ပေးပို့ကြပါရန် အကြောင်းကြားအပ်ပါသည်။

ရန်ကုန်

ဒေါက်တာခင်စန်းဝင်း	၀၉ - ၈၀၃၁၇၈၄
ဒေါက်တာသင်းသင်းခိုင်	၀၉ - ၅၁၄၆၄၆၃
ဒေါက်တာတင်တင်အေး	၀၁ - ၅၁၂၉၄၆

မကွေး

ဒေါက်တာအောင်ဇော်လင်း	၀၉ - ၅၃၄၀၃၉၇
ဒေါက်တာလှဲ့လှဲ့သိန်း	၀၉ - ၅၃၄၀၄၂၂

မန္တလေး

ဒေါက်တာဇော်မြင့်	၀၉ - ၂၀၀၁၀၄၇
ဒေါက်တာသွင်ကျော်ကျော်	၀၉ - ၂၀၅၁၀၆၆
ဒေါက်တာကျော်စိုးဝင်း	၀၉ - ၅၀၂၈၀၉၁
ဒေါက်တာကျော်မင်းဦး	၀၉ -၂၀၀၇၂၉၅
ဒေါက်တာမြင့်မြင့်အေး	၀၉ -၂၀၀၂၇၇၉
ဒေါက်တာလှဖုန်း	၀၉ -၂၀၀၁၅၁၁
ဒေါက်တာခိုင်ပန်းအုံ	၀၉ -၂၀၂၈၉၂၀

လားရှိုး

ဒေါက်တာမြင့်ကျော်	၀၉-၂၁၃၁၀၆၅
ဒေါက်တာသန်းရွှေ	၀၉-၅၂၆၂၅၆၉

အ-လ-က(၁)ဒဂုံ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ခုပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ အဆိုပါကျောင်း နဝရတ်ခန်းမ၌ ဩဂုတ် ၁၈ ရက်မှ ၂၂ ရက်ထိ ကျင်းပသည်။

အခမ်းအနားသို့ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စောယုခင်နှင့် ကျောင်း အကျိုးတော်ဆောင် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆုပေးပွဲ အခမ်းအနားတွင် အတန်းလိုက် ထူးချွန်ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုပေါင်း ၅၀၃ ဆုနှင့် ကျောင်းတက်မှန်ဆုရရှိသူ ဆရာ၊ ဆရာမများအား ဆုပေါင်း ၂၅ ဆုကို ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဥတုရာသီ တောကို့မှီ၏

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Duty Free Shop တွင်တာဝန်ထမ်းဆောင်ရန်ဝန်ထမ်းများအလိုရှိသည်

(လစာကောင်းပေးမည်)

၁။ တာဝန်ခံမန်နေဂျာ — ကျား/မ(၂)ဦး
ဘွဲ့ရဖြစ်ရမည်။ စီမံခန့်ခွဲမှုအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိရမည်။
ကွန်ပျူတာကျွမ်းကျင်ရမည်။ အင်္ဂလိပ်စာရေး၊ ဖတ်၊ ပြောနိုင်ရမည်။
MBA, DMA ရသူများဦးစားပေးမည်။

၂။ စာရင်းကိုင် — မ(၁)ဦး
CPA (သို့မဟုတ်) B.Com, LCCI Level(3)
Computerized Accounting, Final Account ရေးဆွဲနိုင်ရမည်။
အင်္ဂလိပ်စကားအသင့်အတင့်ပြောဆိုနိုင်ရမည်။

၃။ Cashier/ အရောင်းဝန်ထမ်း — မ(၆)ဦး
ဘွဲ့ရဖြစ်ရမည်။ အရပ် ၅ ပေ ၄ လက်မ အနည်းဆုံးရှိပြီး ရုပ်ရည်ချောမောရမည်။
ဆက်ဆံရေးကောင်းရမည်။ အင်္ဂလိပ်စကားကျွမ်းကျင်စွာပြောဆိုနိုင်ရမည်။

လျှောက်ထားလိုသူများသည် ပညာအရည်အချင်းအထောက်အထား၊ မှတ်ပုံတင်၊ ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံ(၂)ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်တို့နှင့်အတူ ၁၀-၉-၂၀၀၈ ရက်နေ့ နောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လျှောက်ထားနိုင်ပါသည်။

အမှတ် - ၅၅/၆၅ ရွှေတိဂုံဘုရားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၃၈၃၉၀၅

ဆိုဖာပြုပြင်

သစ်လွင်မှု ဆိုဖာအဟောင်းပုံစံအမျိုးမျိုးကို လူကြီးမင်းတို့ စိတ်တိုင်းကျအသစ်ကဲ့သို့ ပြုပြင်ပေးပြီး အိမ်တိုင်ရာရောက် သယ်ယူပို့ဆောင်ပေးပါသည်။

ဖုန်း - 561024, 098020578
200747, Ext : 5533

ORCHID TEXTILE CENTRE

သစ်ခွ (အထည်အလိပ်) မှ
အစ်ပွဲတော် အတွက် 23-8-08 မှ 21-9-08 အထိ
15% မှ 50% အထူးလျှော့ဈေးဖြင့်
ရောင်းချပေးနေပါပြီ။

အမှတ် (၄၂၈/၄၃၀)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ ၂၄၅၀၇၂၊ ၃၇၈၃၉၆

သင့်သွေးဖြင့် အသက်ကယ်ပါ

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

MOTHERLAND GROUP CONSTRUCTION CO.,LTD

DECORATION & RENOVATION CENTER မှ ဆောက်လုပ်ဆဲတိုက်ခန်းများကို ရောင်းချပေးနေပါပြီ....

အမှတ်- ၁/၁၂၇၊ စပယ်လမ်း၊ မင်္ဂလာဥယျာဉ်အိမ်ရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်။(ဓာတ်လှေခါးပါဝင်သည်)

- အထပ်မြင့်/အထပ်နိမ့်၊ ဂိုဒေါင်၊ စက်ရုံ/အလုပ်ရုံ အဆောက်အအုံများကို (PAE)စနစ်ဖြင့် ဆောက်လုပ်ပေးခြင်း
- အထပ်မြင့်အဆောက်အအုံများကို အခန်းပေးအခန်းယူစနစ်ဖြင့် ဆောက်လုပ်ပေးခြင်း
- ဗိသုကာ ဒီဇိုင်းများရေးဆွဲပေးခြင်း
- အခန်းအတွင်း/အပြင်များကို အလူမီနီယမ်မှန်၊စတီး(လ်)၊ Composite၊ သစ်များဖြင့်အလှဆင်ပေးခြင်း
- Wall Paper များကို (၃)နှစ်အာမခံဖြင့် နံရံနှင့်မျက်နှာကြက်များကိုအလှဆင်ပေးခြင်း နှင့် ဖြန့်ဖြူးရောင်းချပေးခြင်း
- မှန်နောက်အစားမှန်ကြည်များကို ဒီဇိုင်းမျိုးစုံမှန်ကပ်စတေကာများဖြင့်အလှဆင်ပေးခြင်း နှင့် ဖြန့်ဖြူးရောင်းချပေးခြင်း
- ပါကေးခင်းခြင်း၊ ကြွေပြားကပ်ခြင်း၊ ရေပိုက်လိုင်းနှင့်မီးလိုင်းများသွယ်တန်းခြင်း
- သံပန်း/သံတံခါး နှင့်ဆေးသုတ်ခြင်းလုပ်ငန်းများကို လူကြီးမင်းများစိတ်ကျေနပ်မှုရှိသည်အထိ ဆောင်ရွက်ပေးနေပါသည်။

Special Discount

အရစ်ကျငွေပေးသွင်းခြင်းစနစ်ဖြင့် တိုက်ခန်းဝယ်ယူသူ မိတ်ဟောင်း၊ မိတ်သစ်များကို စိတ်ကျေနပ်မှုရှိအောင် အပြည့်အဝဆောင်ရွက်ပေးနေပါသည်။

ဆက်သွယ်ရန်

အမှတ် - ၄၅၃၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
Ph: 394356, 394358, 394389 Hp: 095104867, 098022280, 095147981

"ဦးရာလူရောင်းမည်"

သမိုင်းဘုတာရုံလမ်းမ၊ ဂုံးကျော် တံတားအဆင်း ဈေး ကျောင်းဘုတာရုံ ကားဂိတ်အနီး၊ (ပေ ၅၀x၁၂ပေခွဲ) ပထမထပ်(ဝဲ/ယာ) တိုက်ခန်း (၂)ခန်း ညှိနှိုင်းဈေးဖြင့်ရောင်းမည်။

ဖုန်း-၀၁-၆၄၁၂၉၀ ၊ ၀၉-၅၀၀၄၄၅၄

ဖိုးပြည့် ပုံနှိပ်တိုက်
နေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်း

ယခင်အမှတ်(၁၃၈)၊ ၃၂ လမ်းတွင်ဖွင့်လှစ်ခဲ့သောဖိုးပြည့်ပုံနှိပ်တိုက်အား ယခုအမှတ်(၅၄)၊ တာဝတိံသာလမ်း၊ (၃)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် ဖုန်း-၇၂၈၆၇၄၊၂၉၂၆၃၄ သို့ပြောင်းရွှေ့ဖွင့်လှစ်၍လုပ်ငန်းများလက်ခံဆောင်ရွက် ပေးလျက်ရှိကြောင်းမိတ်ဟောင်းမိတ်သစ်များအားသတင်းကောင်းပါးအပ်ပါသည်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊
ရွှေအုတ်ဂူ(၉)လမ်း၊ အမှတ်(၆၀၅)နေ
ဦးခင်မောင်လွင်-ဒေါ်သင်းသင်းအောင် တို့၏သား

မောင်ရန်နိုင်လင်း

နှင့်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သုမန(၁)လမ်း၊
အမှတ်(၃၃၉)နေ ဦးကျော်ဝင်း-ဒေါ်ချိုချို တို့၏သမီး

မရှီလာကျော်ဝင်း

တို့သည် ၂၀-၈-၂၀၀၈ ရက်တွင် နှစ်ဖက်မိဘများ၏ သဘောတူညီချက်ဖြင့် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်ရန်နိုင်လင်း-မရှီလာကျော်ဝင်း

မြေကွက်အမြန်ရောင်းရန်ရှိသည်

ဖမိုင်၊ ပြည်လမ်း၊ မာလာလမ်းတွင်
၀.၂၅၀ဧက (၇၆'x ၁၄၃')ရှိ မြေကွက်
အမြန်ရောင်းမည်။

ဖုန်း – ၀၉၈၀–၂၀၃၇၃၊
၀၉၅၁–၁၂၁၃၉

၁၆၂၊ လမ်း(၅၀) အထက်
ဘလောက်၊ ပုဇွန်တောင်
ဖုန်း 201325, 0986 45716, 291202

ပြည်ပ လုပ်ငန်းခွင်ဝင်မည့်သူများအတွက်

PIPE FABRICATORS ------- သင်တန်း
PIPE FITTERS ------------- သင်တန်း
WELDER TIG ------------- သင်တန်း

အပတ်စဉ်တနင်္လာနေ့တိုင်း လက်ခံသည်။

အများသိစေရန်သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ သပြေညိုလမ်း၊ အမှတ် (၈)ဟုခေါ်တွင်သည့် (၇)ထပ်တိုက် အဆောက်အအုံရှိ အကျယ်အဝန်း(၁၂ ၁/၂ ပေx ပေ ၅၀)ရှိ မြေညီထပ်တိုက်ခန်း (ခေါင်းရင်းခန်း)နှင့် ရေ၊ လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ယဉ်မင်းဇော် [၁၂/စခန(နိုင်)၀၅၂၀၆၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင် ခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း (တရားရုံးချုပ်ရှေ့နေ)
တိုက်-၉/၁၁၊ အခန်း (၁၀၂/စီ)၊ (ပ)ထပ်၊
၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း -၃၈၈၂၄၄၊ လိုင်းခွဲ (၂၀၁)

သစ်တောသစ်ပင် ဒို့ချစ်ခင်
အစဉ်စိုက်ပျိုး အလှတိုး

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

Golden Nereid Co., Ltd. တွင်တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ကျွမ်းကျင်ဝန်ထမ်းများ အလိုရှိသည်-

၁။ **Financial Controller** ကျား/မ (၁) ဦး
B.Com, CPA အောင်မြင်ပြီး Chief Accountant လုပ်သက်အတွေ့အကြုံ (၅)နှစ်၊ Computerize Accounting Software ကျွမ်းကျင်ရမည်၊ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း/စည်းကမ်းများကို ကျွမ်းကျင်ပိုင်နိုင်ပြီး မူဝါဒများချမှတ် ဆောင်ရွက်နိုင်ရမည်။ အသက်(၃၅-၅၀) နှစ်။

၂။ **Chief Accountant** ကျား/မ (၁) ဦး
B.Com, CPA အောင်မြင်ပြီး Chief Accountant လုပ်သက်အတွေ့အကြုံ (၃)နှစ်၊ Computerize Accounting Software ကျွမ်းကျင်ရမည်၊ လချုပ်၊ နှစ်ချုပ်စာရင်းများအား တာဝန်ခံ၍ ပြုစု၊ စစ်ဆေး၊ တင်ပြနိုင်ရမည်။ အသက် (၃၀-၄၅) နှစ်။

၃။ **Accountant** ကျား/မ (၃) ဦး
B.Com (သို့) ဘွဲ့တစ်ခုခု (သို့) LCCI Level III အောင်ရမည်။ Computerize Accounting Software ကျွမ်းကျင်ရမည်။ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်။ အသက် (၂၅-၃၀) နှစ်။

၄။ **Auditor (Assistant)** ကျား/မ(၃)ဦး
ဘွဲ့တစ်ခုခု ရရှိပြီး အခြေခံစာရင်းကိုင်သင်တန်းတက်ရောက်ပြီးသူ (သို့) စာရင်းနှင့်ပတ်သက်သော လုပ်ငန်းအတွေ့အကြုံရှိသူ DA (သို့) LCCI Level III အောင်ရမည်။ အသက် (၂၂-၃၀) နှစ်

၅။ **Office Staff** ကျား/မ(၃)ဦး
ဘွဲ့တစ်ခုခု ရရှိပြီး Computer DTP ကျွမ်းကျင်ရမည်။ အသက် (၂၀-၃၀)နှစ်။

လျှောက်ထားလိုသူသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ပညာအရည်အချင်းမိတ္တူ၊ ဓာတ်ပုံ(၁)ပုံ၊ လုပ်သက်အထောက်အထားများ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ တစ်လအတွင်းရယူထားသည့် ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ **ဆက်သွယ်ရမည့်ဖုန်းနံပတ်** တို့ကို ပူးတွဲလျက် ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း **စာတိုက်သေတ္တာအမှတ်** (၃၁၁) သို့ ပေးပို့လျှောက်ထားနိုင်သည်။

တရားရုံးချုပ်ရှေ့နေ ဦးဝင်းငွေ၏ ၂၀–၈–၂၀၀၈ ရက်စွဲပါ ကြေးမုံသတင်းစာ၌ ပြန်လည်ကန့်ကွက်ကြေညာခြင်း ကြော်ငြာအား ပြန်လည်ရှင်းလင်းအသိပေးကြေညာချက်

တရားရုံးချုပ်ရှေ့နေ ဦးဝင်းငွေက ၎င်း၏အမှုသည် ဒေါက်တာဦးခင်ဇော်၊ ဒေါ်ဝင်းဝင်းခိုင်၊ ဦးလှစိုးမြင့်၊ ဒေါ်ခင်ထားရီ၊ ဒေါ်ခင်သိန်းမြင့်တို့၏ ညွှန်ကြားချက်အရဟုဆိုကာ "၁၄-၈-၂၀၀၈ နေ့စွဲပါ ကြေးမုံသတင်းစာ၌ ဦးလှမြင့်(ဒဂုံ)အထက်တန်းရှေ့နေ၏ သက်ဆိုင်သူများသာ ကန့်ကွက်ကြေညာခြင်းခေါင်းစဉ်"ပါ ကြော်ငြာကို ထည့်သွင်းကြေညာကန့်ကွက်လာပါ၍ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁-ကေ)၊ သိမ်ဖြူလမ်း၊ မြေကွက်အမှတ်-၆၉၊ မြေအကျယ် ၂၈ ပေx ပေ၅၀၊ နှစ်(၉၀) မြေငှားဂရန် မြေမျိုးမြေကွက်နှင့် မြေကွက်ပေါ်ရှိ အမှတ်-၂၉၊ မဟာဗောဂလမ်း၊ ကျီတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၂)ထပ်၊ (၄)ခန်းပါ အိမ်ဟောင်းသည် နှစ်(၉၀) မြေငှားဂရန်တွင် ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးမြင့်နိုင်[၁၂/ရကန (နိုင်) ၀၅၇၄၃၃]ကသာ ၂၈-၁-၂၀၀၄ ရက်နေ့မှစ၍ အမည်ပေါက်ပိုင်ဆိုင်သူဖြစ်ပါသည်။ ဦးရန်နှင့် ဒေါ်ရင်နု အမည်ပေါက်ခြင်းမရှိပါ။ မြေကွက်ပေါ်ရှိ မြေညီထပ်တစ်ခန်းနှင့် မြေကွက်၊ အိမ်၏ အမည်ပေါက်ပိုင်ဆိုင်ခွင့်ကိုသာ လွှဲပြောင်းရောင်းချပေးခြင်းဖြစ်ပါသည်။ သို့ပါ၍ မြေကွက်နှင့် အိမ်၏ အမည်ပေါက်ပိုင်ဆိုင်ခွင့် ရောင်းချခြင်းအား အပျောက်အိမ်ခန်း(၃)ခန်းပိုင်ရှင်များမှ ၎င်းတို့၏ တိုက်ခန်းနေထိုင်ပိုင်ဆိုင်ခွင့် အခွင့်အရေးကို မထိခိုက်ပါသဖြင့် စိုးရိမ်ရန်မရှိ၍ ကန့်ကွက်ရန်မလိုအပ်ပါကြောင်း ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးလှမြင့်(ဒဂုံ) စဉ်-၉၀၁၂
အထက်တန်းရှေ့နေ
အခန်းအမှတ်-၂၀၂/ D၊ ၃-လွှာ၊ တိုက်-၉/၁၁၊ ၃၆လမ်း(လမ်းတို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၃၄၃၆၉၊ ၀၉၅၀ ၃၁၈၁၀၊ ၀၉၅၀ ၃၇၀၈၁

စီမံခန့်ခွဲမှုနှင့် စီးပွားရေးဆိုင်ရာ အုပ်ချုပ်မှု မိတ်ဆက်သင်တန်း
Introductory Course for Management & Business Administration

ဇူလိုင်၊ ဩဂုတ်လများအတွင်း **Capacity Enhancement** ဝန်ထမ်းစွမ်းရည်မြှင့်တင်ရေးရက်တိုသင်တန်းများတွင် တက်ရောက်ခဲ့သော သင်တန်းသား (၃၀၀)ကျော်၏တောင်းဆိုချက်အရ စီမံခန့်ခွဲမှုပညာ၊ ဈေးကွက်မြှင့်တင်ရေးပညာ၊ စာရင်းကိုင်ပညာ၊ ဝန်ထမ်းစီမံခန့်ခွဲမှု၊ စီးပွားရေးလုပ်ငန်းအချင်းချင်းစာရေးသား ဆက်သွယ်မှုပညာရပ်များအတွက် **MBA မိတ်ဆက်သင်တန်း** (၁)လ**Course** ဖွင့်လှစ်ပေးပါမည်။ နှစ်ချီ၍တက်ရသော **Diploma,Degree** ဘွဲ့များတက်ရောက်ရန် အချိန်မပေးနိုင်သူများအတွက်လည်းကောင်း၊ **MBA** တက်ရောက်မည့်သူများအတွက် အထောက်အကူဖြစ်စေရန်လည်းကောင်း၊ လက်တွေ့အသုံးချလိုသူများ အတွက်လည်းကောင်း၊ ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ပါသည်။ တစ်တန်းလျှင် သင်တန်းသား (၃၀)ဦးစီ ကန့်သတ်ပြီး အောက်ဖော်ပြပါဘာသာရပ်များကို ပို့ချပေးပါမည်။

(1) General Management
(2) Marketing Management
(3) Public Relations - Advertising, Media
(4) HR Management
(5) Accounting Management - Basic Economic
- Financial Management
- Production and Operation Management
(6) Business Communication - Presentation Skills
- Business Correspondence
- Application of internet tools
- Application of communication tools
(7) Business Law
(8) Competitiveness
(9) Entrepreneurship

သင်တန်းချိန်

1. **MBA မိတ်ဆက်သင်တန်း** (တနင်္လာ- စနေ) နံနက် (၇း၀၀-၉း၀၀)
၂၀၀၈၊ စက်တင်ဘာ(၁၅)ရက်တွင် စတင်ဖွင့်မည်။ (၁)လသင်တန်း၊
2. **Capacity Enhancement** (တနင်္လာ-သောကြာ) နံနက် (၇း၃၀-၉း၀၀)
ဝန်ထမ်းစွမ်းရည်မြှင့်တင်ရေးရက်တိုသင်တန်း ညနေ (၅း၃၀-၇း၀၀)

သင်တန်းဆင်းလက်မှတ်အပ်နှင်းပေးပါမည်။

Today Top Star Consultancy Group
တတိယထပ်၊ပြည်မြန်မာကုန်တိုက်၊လှည်းတန်းမီးပွိုင့်အနီး၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း – ၅၀၀၃၀၃၊ ၅၀၀၅၄၇၊ ၅၀၀၅၄၈၊ ၅၃၅၇၂၁

This album is dedicated to DWAY (1966 - 2007)

(၂၄.၈.၀၈) တေးစီးရီးထွက်ရှိသည့်နေ့တွင် Happy World (ကန်တော်မင်္ဂလာပန်းခြံ)တွင် အမှတ်တရလက်မှတ်ရေးထိုးပါမည်။ ပထမဦးဆုံး AudioCD (အချပ်၁၀၀) ဝယ်ယူသူများအား ရွှေ၊ ပုံပါတီရှပ်များကို အမှတ်တရလက်ဆောင်အဖြစ်ပေးသွားပါမည်။

NIBBAN® နှင့် ဇဟို
မီးအားမြှင့်စက် နှင့် အင်ဗာတာ
အရောင်းမြှင့်တင်ရေးအစီအစဉ်

၅% အထူးလျှော့ဈေး

၁၅.၈.၂၀၀၈ မှ ၃၁.၈.၂၀၀၈ အတွင်း အရောင်းကိုယ်စားလှယ်ဆိုင်များနှင့် ပင်ရင်း SHOW ROOM & SERVICE CENTER တို့တွင် ဝယ်ယူပါက ၅% အထူးလျှော့ဈေး + လက်ဆောင်များ ပေးနေပါပြီ၊

လက်ဆောင်

ရန်ကုန် အရောင်းပြခန်းနှင့်ဝန်ဆောင်မှုဌာန
အမှတ်(၁၆၄)၊ ဗိုလ်ရွဲလမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - (၀၁) ၂၅၁၇၉၂

မန္တလေး အရောင်းပြခန်းနှင့်ဝန်ဆောင်မှုဌာန
အမှတ်(၁၇၈)၊ ၂၆(ဘီ)လမ်း၊ ၈၃လမ်းနှင့် ၈၄လမ်းကြား၊
အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း - (၀၂)၆၀၉၀၉

သက်ရှိလောက တည်မြဲဖို့၊ သဘာဝတောတွေထိန်းသိမ်းစို့

SS Food Channel မှ ဝါတွင်း(၃)လ အထူးအစီအစဉ်

သက်သတ်လွတ်ဟင်းပွဲများကို အရသာကောင်းမွန်၍ ဈေးနှုန်းချိုသာစွာဖြင့် အားပေးသုံးဆောင်နိုင်ပါပြီ။

အမှတ် (၆၀)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၅၅၆၂၂၄၊ ၅၅၃၉၄၁ ။

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr.Ibrahim Agboola Gambari ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ဘန်ဂါလီစွန္နီဂျာမေဗလီ ဝတ်ကျောင်းတော်၌ ဝတ်ပြုဆုတောင်းစဉ်။ (သတင်းစဉ်)

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၂

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr.Ibrahim Agboola Gambari သည် ယနေ့မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ဘန်ဂါလီစွန္နီဂျာမေဗလီ ဝတ်ကျောင်းတော်၌ ဝတ်ပြုဆုတောင်းသည်။

ထို့နောက် Mr.Gambari သည် မွန်းလွဲ ၂နာရီတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဌ ဦးအောင်ရွှေနှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာဧည့်ရိပ်သာ၌ တွေ့ဆုံသည်။

ညပိုင်းတွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့-အဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်အောင်မြင့်က Mr.Gambari အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror ယနေ့ သတင်း၊ ဆောင်းပါးအညွှန်း

○ အေးချမ်း၏

"အသိပညာ၊ အတတ်ပညာနှင့် စိတ်ဓာတ် စေတနာ ကုံလုံကြွယ်ဝကြရမည်။"

(ဆောင်းပါး) စာမျက်နှာ-၆

ဩဂုတ် ၂၃ ရက်က ပေကျင်း အိုလံပစ်အားကစားပြိုင်ပွဲ အမျိုးသားတိုက်ကွမ်ဒို ကီလို ၈၀ ဗိုလ်လုပွဲတွင် အီတလီနှင့် အီရန်တို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြစဉ်။ *(အင်တာနက်)*

[ပေကျင်း အိုလံပစ်အားကစားပြိုင်ပွဲ သတင်းများ စာမျက်နှာ-၉]